# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါ ခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်**
ပြည်တွင်းသတင်း စာ ၈

**ပစ်ခတ်ရပ်စဲမှုပြီးနောက် အစွန်းရောက် တပ်ဖွဲ့များက ဟားမားစ်တို့ကို စစ်ဆင်ရေးပြန်လည်ပြုလုပ်**
နိုင်ငံတကာသတင်း စာ ၁၃

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း**
ပြည်တွင်းသတင်း စာ ၁၇




ကလောမြို့၌ ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနေမှုကို တွေ့ရစဉ်။

# ကလော၌ ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ လှည့်လည်ကျင်းပ

**ကလော ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ (၁၈)ကြိမ်မြောက် မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော့တိုင်နှင့်မီးကြာစံ ထွန်းညှိပူဇော်ပွဲကို ကလောမြို့တွင်း တတိယနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ လှည့်လည်ကျင်းပလျက်ရှိကြောင်း သိရသည်။

ရိုးရာမီးရှော့တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲကို ပြိုင်ပွဲဝင်မီးရှော့တိုင်နှင့် မီးကြာစံအဖွဲ့များက စုရပ်ပြုလုပ်ပြီး ကလောမြို့တွင်းမှ မီးရှော့တိုင်ကွင်းအတွင်းသို့လှည့်လည်၍ ကွင်းအတွင်း ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များဖြစ်သည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက "ကလောမြို့မှ ဖိတ်ခေါ်သံ" သီချင်းဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခဲ့ပြီး


*စာမျက်နှာ ၅ ကော်လံ ၁* ■




## ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဦးတည်ဆောင်ရွက်နေသည့် နေပြည်တော်မှ မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်း

**နေပြည်တော် ဒီဇင်ဘာ ၁**

One Region One Product (OROP) အစီအစဉ်သည် ဒေသအလိုက် အဓိက ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်း အရေအတွက်မှာ ၁၂၂ ခုရှိပြီး မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မိုးသီရိအထည်ချုပ်လုပ်ငန်းကို ၂၀၁၅ ခုနှစ် မေ ၁ ရက်တွင်


*စာမျက်နှာ ၁၂ ကော်လံ ၁* *

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

## ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော သီပေါမင်းနှင့်မိဖုရားတို့ကို ကျူးကျော်နယ်ချဲ့လာသူ အင်္ဂလိပ်တို့က ဖမ်းဆီးခေါ်ဆောင်ခြင်းဖြင့် ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံ၏သမိုင်းမှာ အဆုံးသတ်ပြည်ဖုံးကားချသွားခဲ့သည်။ ထိုနေ့ကို အရှင်နှစ်ပါး ပါတော်မူသောနေ့၊ မြန်မာ့ဦးစွန်းအနောက်သို့ ယွန်းသောနေ့ စသည်ဖြင့် နာကြည်းစွာမှတ်သားခဲ့ကြပြီး နောင်တွင် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ် လှုံ့ဆော်ရေးတို့အတွက် အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် စဉ်းစားခဲ့ကြသည်ကို သမိုင်းတွင် တွေ့ရှိရသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်မှစ၍ နှစ်ပေါင်း ၆၀ ကျော် ကာလအတွင်း သုံးကြိမ်စစ်ပြုကာ တစ်ပိုင်းပြီးတစ်ပိုင်း သိမ်းပိုက်ဝါးမျိုခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးချိန်တွင် နောက်ထပ်နှစ်ပေါင်း ၆၀ ကျော် ကျွန်ပြုအုပ်ချုပ်၍ အမြတ်ထုတ်သွားခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးကို ကျွန်ဇာတ်သွင်း၍ အုပ်ချုပ်ရာတွင် လက်အောက်ခံနိုင်ငံသားများအကြား ဘာသာရေး၊ လူမျိုးရေးအရသော်လည်းကောင်း၊ လူများစု လူနည်းစုအရသော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း ခွဲခြားအုပ်ချုပ်ခဲ့ပြီး မတူကွဲပြားသူများအကြား မုန်းတီးအောင်၊ သံသယစိတ်များဝင်လာအောင်၊ ဆန့်ကျင်လာအောင် နည်းမျိုးစုံဖြင့် ဖန်တီးခဲ့ကြသည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား နယ်ကျော်သွားလာခွင့်မပြုခြင်း၊ လူမျိုး တစ်မျိုးကို ဖိနှိပ်ထားပြီး အခြားလူမျိုးတစ်မျိုးကို အခွင့်အရေးပိုပေးထားခြင်း စသည့်ခွဲခြားအုပ်ချုပ်သည့်နည်းလမ်းများကို နယ်ချဲ့တို့က ၎င်းတို့သိမ်းပိုက်အုပ်စိုးရာ နိုင်ငံတိုင်းတွင် ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။ အိမ်ကြက်ချင်းအိုးမဲသုတ်၍ ခွပ်ခိုင်းသည့် နည်းလမ်းဖြင့် အလွယ်တကူ အုပ်ချုပ်နိုင်စေရန်၊ ကျွန်သက်ရှည်ကြာစေရန် စီမံဖန်တီးခဲ့ပြီး တိုင်းရင်းသားအထက်တန်းလွှာအချို့ကိုမူ မြန်မာ့ယဉ်ကျေးမှုကို စွန့်လွှတ်ကာ ဘိုစိတ်ပေါက်လာစေရန်အတွက် အင်္ဂလိပ်ဇာတ်သွင်းခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက် ကျရောက်သွားချိန်တွင် နိုင်ငံရော လူမျိုးပါ ပျောက်ကွယ်သွားခဲ့ရခြင်းဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်ခံဘဝတွင် နိုင်ငံသူ နိုင်ငံသားအားလုံး ခွဲခြားဖိနှိပ်ခံရခြင်းနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေး စိတ်ဓာတ်တို့ ပါးလျားပျောက်ကွယ်စေရန်လည်း တိုက်စားခံရသည်။ နယ်ချဲ့တို့၏ ဖိနှိပ်မှုအောက်တွင် ဟိုတစ်စ သည်တစ်စ ပြန့်ကျဲကာ ပျောက်ကွယ်နေသယောင် ငုပ်လျှိုးနေခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်သည် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေအရေးတွင် တစ်ခဲနက် စုစည်းညီညွတ်စွာ ပေါ်ထွက်လာပြီး နယ်ချဲ့အစိုးရကို ပထမဆုံးအကြိမ်အဖြစ် အန်တုခဲ့သည်။ စုစည်းညီညွတ်ခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်သည် နောက်မျိုးဆက်များသို့ လက်ဆင့်ကမ်း၍ လွတ်လပ်ရေးကြိုးပမ်းမှုဆီသို့ တက်လှမ်းနိုင်ခဲ့သည်။ မြန်မာ့နောက်ဆုံးဘုရင် ပါတော်မူခဲ့ရသည့် နာကြည်းဖွယ်ရာနေ့အစား နယ်ချဲ့ဆန့်ကျင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်ခဲ့ကြသည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ယခုနှစ် ၂၀၂၃ ခုနှစ်တွင် (၁၀၃)နှစ်မြောက်ခဲ့ပြီဖြစ်သည့် အမျိုးသားအောင်ပွဲနေ့၏ ဆောင်ပုဒ်မှာ "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ဖြစ်သည်။ တောင်ပေါ်မြေပြန့်မကျန် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ၊ တိုင်းရင်းသား၊ နိုင်ငံသား ပြည်သူလူထုတစ်ရပ်လုံး၏ အလိုလားဆုံးသောဆန္ဒမှာ ပြည်ထောင်စုကြီးတစ်ဝန်းလုံး ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ယနေ့ မိမိတို့မျက်မှောက်တွင် ဖြစ်ပေါ်နေသည့် အဖြစ်အပျက်များနှင့် မြင်ကွင်းများသည် ပြည်သူလူထုတစ်ရပ်လုံး၏ အလိုဆန္ဒနှင့် ဆန့်ကျင်နေသော ဖြစ်ရပ်များပင်ဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းလုံး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းနိုင်မည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စုစည်းညီညွတ်သောအင်အားဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ယင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပေါင်မြို့နယ်၌ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းပြုလုပ်

ပေါင် ဒီဇင်ဘာ ၁

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ပေါင်မြို့နယ် (အ-လ-က) ပုသိမ်ကွင်းကျောင်း၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် (အ-လ-က) ပုသိမ်ကွင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာသိန်းက အမှာစကားပြောကြားပြီး ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကိုကျင်းပရာ (အ-လ-က) ပုသိမ် ကွင်းကျောင်းမှ Grade - 9 ကျောင်းသား မောင်ရဲရင့်ဦးက လူငယ်နှင့် အားကစား၊ Grade - 9 ကျောင်းသူ မခိုင်သဇင်ကျော်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade - 9 ကျောင်းသူ မနွယ်နွယ်လှိုင်က လူငယ်နှင့် လူမှုဆက်ဆံရေး၊ ပလတ်စတစ်ညစ်ညမ်းမှုနှင့် အဏ္ဏဝါ၊ Grade - 9 ကျောင်းသူ မသန္တာလင်းက လူငယ်နှင့် စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိဒေါ်တင်ဇာစိုးနှင့် မြို့နယ်အားကစားမှူး ဒေါ်အေးသီတာအောင်တို့က ပြန်လည်ဖြေကြားပေးသည်။

ယနေ့ကျင်းပသော လူငယ်စကားဝိုင်းသို့ (အလက) ပုသိမ်ကွင်း ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ ပါဝင်တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## "တရားသော ဒို့စစ် ရဲဝံ့ဆင်နွှဲမည်"

❖ **ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား**
တန်ဖိုးထားလျက်၊ **သုံးပါးအရေး**
နှလုံး သွေးဖြင့်၊ ပေးဆပ် ဖန်ဖန်
သစ္စာနှံလျက်၊ ဆယ်ပြန်ဆယ်သက်
ငဲ့ကွက်မရှုံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ် စွန့်စား၊ **တပ်မတော်သားဟေ့**
**တရားသောစစ် အောင်ရမည်။**

❖ တစ်ဖက်သား အပေါ်၊ တစ်ပြည်ခြား အပေါ်
ဘောင်ကျော်စော်ကား၊ မပြုပြားလည်း
ပြည့်အား နှောင့်ယှက်၊ ကျူးဝင်ဖျက်သော်
**တိုက်ဖျက်ချေမှုန်း၊ လက်စတုံးအံ့**
တုံးတိုက် ကျားကိုက်၊ အရေးမစိုက်ဘဲ
**တိုက်လျှင် ရဲရဲ၊ နွဲလျှင် ပိုင်ပိုင်**
ခိုင်မာစိတ်ထား၊ စွမ်းပကားဖြင့်
**တရားသောစစ် အောင်ရမည်။**

❖ စစ်ကို မခေါ်၊ လာခဲ့သော် မူ
တော်တည့်မှန်ကန်၊ စိတ်သန္တာန်ဖြင့်
**နိုင်ငံအတွက်၊ ပြည်သူအတွက်**
အသက် ပေးလှူ၊ ခံယူ စိတ်ထား
**စစ်သည်များတို့**
**တရားသောစစ် ဆင်နွှဲမည်။**
**တရားသောစစ် အောင်ရမည်။**
**ခိုင်မာ ယုံကြည် ထားပါသည်။ ။**

**မျိုးမြတ်မြတ်မြင့်မောင်**

**(တရားသောစစ်ပွဲ ဆင်နွှဲနေသည့် တပ်မတော်သားများကို လေးစားဂုဏ်ပြုလျက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁ - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# (၅/ ၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ငန်းသစ် သုံးခုကိုခွင့်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ် (၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် သုံးခုကို ခွင့်ပြုပေးသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၈၀ သန်းနှင့် ငွေကျပ် ၃၁၃၀၉၂ ဒသမ ၉၇၀ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၄၄ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ရင်းနှီးမြှုပ်နှံမှု ဦးစားပေးဖိတ်ခေါ်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ / ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာ ဗလာဒီမာ စတပ်ပါနော့ဗ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Aquarius နည်းပညာကုမ္ပဏီမှ မစ္စတာ ဗလာဒီမာ စတပ်ပါနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင်ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်သူ့အကျိုးအတွက် နည်းပညာဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့် အနာဂတ်ကြယ်ပွင့်လေးများဖြစ်၍ ခံယူချက်၊ ယုံကြည်ချက်ခိုင်မာရန်၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းများမြင့်မားရန်၊ ကျင့်ဝတ်များကို လေးစားလိုက်နာကြရန်၊ နည်းပညာဆိုင်ရာလေ့လာမှု၊ တီထွင်ဖန်တီးမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျကျအကျိုးပြုနိုင်ရေး ဦးတည်ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့နောက် ဒုတိယဝန်ကြီးသည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံ့အကျိုးပြု IT နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ နောက်ဆုံးပေါ် ITနည်းပညာများကို လေ့လာသင်ယူကြရန်၊ Artificial Intelligence (AI)၊ Cyber Security၊ Augmented Reality (AR)၊ Virtual Reality (VR)၊ Data engineering နှင့် Cloud computing ဆိုင်ရာ သုတေသနဆောင်ရွက်ကြရန် မှာကြားပြီး ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်များ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဝန်ကြီးသည်အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ရောက်ရှိပြီး ကျောင်းဖွင့်ချိန်တွင် အဆင်သင့်ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းတွင် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်နေမှု၊ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပထမနှစ်ကျောင်းဝင်ခွင့်လျှောက်လွှာတင်ရန်နှင့် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



## စလင်းမြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲကျင်းပ

**စလင်း ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်ထွန်းက (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံကို ဆွေးနွေးပြောကြားကာ အမျိုးသားအောင်ပွဲနေ့ကို တန်ဖိုးထားပြီး ငြိမ်းချမ်း၍စည်းလုံးသော နိုင်ငံတော်ကြီးတည်ဆောက်စို့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ၁၅ ဦး၊ ပန်းချီပြိုင်ပွဲတွင် ကိုးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း မြို့နယ်ပညာရေးမှူး ဦးသိန်းဌေးထံမှ သိရသည်။

**မောင်လွင်(စလင်း)**

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ (၂ / ၂၀၂၃)အစည်းအဝေးကျင်းပ

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ဘုရား ၁၁ ဆူတွင် မိုးကြိုးလွှဲတပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ(၂/၂၀၂၃) အစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ

ဦးစွာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် ရှေးဟောင်းအဆောက်အအုံစုစုပေါင်း ၃၈၃၇ ဆူကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်းတွေ့ရသည့် မြန်မာတစ်မျိုးသားလုံး၏တန်ဖိုးမဖြတ်နိုင်သည့် တစ်ခုတည်းသော ဒေသတစ်ခုဖြစ်သကဲ့သို့ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ထိုက်ထိုက်တန်တန်ရရှိထားသည့် ဒေသလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဖိုးထိုက်တန်သည့် နယ်မြေဖြစ်သကဲ့သို့ နိုင်ငံတကာကအထူးစိတ်ဝင်စားသည့် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေလည်း ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့်မြေငလျင်ကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်ရှိသည့် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပုဂံနှင့်အနီးတစ်ဝိုက်လှုပ်ခတ်ခဲ့သည့် ငလျင်အကြိမ်စုစုပေါင်း ၂၂ ကြိမ် ရှိခဲ့သည်ကိုလည်း လေ့လာသိရှိရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းရေး စီမံဆောင်ရွက်နေသည့် သဗ္ဗညုဘုရားကြီး တစ်ဆူကလွဲ၍ ကျန်ရှိသည့်ဘုရား ၃၈၈ ဆူ အားလုံးကို ပထမအဆင့် ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရားကြီး၏ ကြံ့ခိုင်မှုအနေဖြင့် တရုတ်ပညာရှင်အဖွဲ့က ကနဦးပြုပြင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ထားသည့်အခြေအနေအတိုင်း ထပ်မံပြိုပျက်မှု၊ လှုပ်ရှားမှု၊ ထူးခြားမှုမရှိသည်ကို သိရှိရပါကြောင်း၊ သဗ္ဗညုဘုရားကြီး၏ ပထမအဆင့် အရေးပေါ်ထိန်းသိမ်းမှုဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ခံ အထက်ပါ ရှေးဟောင်းအဆောက်အအုံများအပြင် မြေပြင်ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအရ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းအဆောက်အအုံအဆူ ၁၁၀ ကိုလည်းကောင်း၊ ထိခိုက်ပျက်စီးနိုင်သည့် ရှေးဟောင်းအဆောက်အအုံ ၄၁ ဆူကို လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်မှုရှိခဲ့သည့် ရှေးဟောင်းအဆောက်အအုံအဆူ ၆၀ ကို လည်းကောင်း၊ မိုခါမုန်တိုင်းအရှိန်ကြောင့် ထိခိုက်မှုရှိခဲ့သည့် ရှေးဟောင်းအဆောက်အအုံ(၅၉)ဆူကိုလည်းကောင်း အရေးပေါ်တုံ့ပြန်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျအလျင်အမြန်ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း သိရှိရပါကြောင်း။

ထို့ပြင် မိုခါမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေဝပ်မှုဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံ ၁၅ ဆူကိုလည်း မြေပြင်ကွင်းဆင်းတိုင်းတာသုတေသနပြုလုပ်ပြီး ထပ်မံရေဝပ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် ကာကွယ်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးများကိုဆောင်ရွက်လျက်ရှိပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်းတွင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းသည့်နေရာတွင် စနစ်တကျဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် ရေဝင်၊ ရေဝပ်မှုများ မရှိစေရေးနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက စိစစ်ဆောင်ရွက်သွားရန် လိုအပ်သည်ကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ထို့ပြင် မိုးကြိုးလျှပ်စီးကြောင့် ဘုရားစေတီများ ထိခိုက်မှုမရှိစေရန်အတွက် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ဘုရား ၁၁ ဆူတွင် မိုးကြိုးလွှဲတပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့် MoU ရေးထိုးခဲ့ပြီး စီမံကိန်းကာလ ကိုးနှစ်လျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ ASI (Archaeological Survey of India) အဖွဲ့အနေဖြင့်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းဖြင့် ရှေးဟောင်းအဆောက်အအုံပေါင်း ၉၂ ဆူ ပြုပြင်ထိန်းသိမ်းရန် (MoU) ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသွားရောက်ခဲ့သည့်ခရီးစဉ်တွင် မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေးမြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်လိုအပ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးဆောင်ရွက်နေရမည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်များကို တာဝန်ရှိသူအဆင့်ဆင့်က အလေးအနက်ထား လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကိုပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရန်ပုံငွေများ စနစ်တကျစီမံခန့်ခွဲမှု၊သုံးစွဲမှုအခြေအနေ၊ မိုခါမုန်တိုင်းရိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေဝင်ရောက်မှု၊ ပျက်စီးမှုအချို့ သက်ရောက်ခဲ့သည့်ဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ကဏ္ဍအလိုက်ဆွေးနွေး

ယင်းနောက် ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃)အကြို လှုပ်ရှားမှုများဆောင်ရွက်

**ပုဗ္ဗသီရိ ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ မြန်မာ့နိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)အကြိုလှုပ်ရှားမှုအဖြစ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်နေစဉ်အချိန်နှင့် မွေးဖွားပြီး အချိန်များတွင် သိသင့်လိုက်နာသင့်သော ကျန်းမာရေးအချက်အလက်များအား အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့ ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်ထွေးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်သူနာပြုအဆင့်-၁ ဒေါ်မိုးမိုးခိုင်က ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရမည့် ကျန်းမာရေးအသိပညာများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ အခြေခံကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်စမ်းသပ်စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများနှင့် လိုအပ်သောကိုယ်ဝန်ဆောင် အားဆေးများပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့၏ အမျိုးသားများအား သွေးဖောက်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သန်းသန်းနွယ်(ပုဗ္ဗ)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေးတက်ရောက်

## ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၈ ခုကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။(**ယာပုံ**)

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ် ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ခြေခြေမြစ်မြစ်ထူထောင်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများတွင် တွေ့ရှိခဲ့သည့်စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာစကားဆိုင်ရာအဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတစ်ခုကို ခြေခြေမြစ်မြစ် ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာ နေထိုင်လာခဲ့ကြသည့် လူမျိုးအဖြစ် ခိုင်မာစွာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၌ရှိသည့် ဒြပ်ရှိ/ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့ နိုင်ငံသားအားလုံးက အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များထဲမှ အစောဆုံးယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၈ ခုကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိတို့ ဗဟိုကော်မတီကလည်း မှုဝါဒချမှတ်ပေးခြင်း၊ နယ်မြေအပိုင်းအခြားများ သတ်မှတ်ပေးခြင်း၊ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ရှေးဟောင်းနေရာများ၊ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို မပျောက်ပျက်၊ မဆုံးရှုံးရအောင်လိုအပ်သလို ညွှန်ကြားကြီးကြပ်ပေးလျက်ရှိပါကြောင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့များ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအသေးများနှင့် မရွှေ့ပြောင်းနိုင်သည့် အဆောက်အအုံကြီးများအပြင် ကျယ်ပြန့်ပြီး အဆောက်အအုံများစွာရှိသည့် ရှေးဟောင်းဒေသများကိုပါ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပြတိုက်များအဆင့်မြှင့်တင်ရေး

ပြတိုက်များသည် နိုင်ငံ့၏သမိုင်း၊ ယဉ်ကျေးမှုနှင့် အဆင့်အတန်းကို ဖော်ပြနိုင်ရုံသာမက မျိုးဆက်သစ်များကိုပါ အသိပညာပေးသည့်နေရာများဖြစ်သည့်အတွက် ပြတိုက်များအဆင့်မြှင့်တင်ရေး၊ ထိထိရောက်ရောက်ပညာပေးနိုင်ရေးနှင့် ပုဂ္ဂလိကပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက်လည်း မူဝါဒချမှတ်လမ်းညွှန် အားပေးလျက်ရှိပါကြောင်း၊ လိုအပ်နေသေးသည့် မြန်မာနိုင်ငံပြတိုက်များ ဥပဒေပြဋ္ဌာန်းနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုသုခုမများ၊ တိုင်းရင်းသားရိုးရာအက၊ ဂီတယဉ်ကျေးမှုအနုပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ (၂၄) ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏ မူပိုင်အမျိုးသားယဉ်ကျေးမှုများ မေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့်လူမျိုးအပေါ် အထင်ကြီးလေးစားမှုလျော့နည်းပြီး အမျိုးသားရေးအားမာန်ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများ မေးမှိန်တိမ်ကောပျောက်ကွယ်သွားခြင်း မရှိရအောင်လည်း အမျိုးသားရေး စိတ်ဓာတ်ခိုင်မြဲအောင် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်းကို အမှာစကားပြောကြားခဲ့ပြီးဖြစ်ကြောင်း။

### ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များလည်း ထောင်ပေါင်းများစွာရှိပါကြောင်း၊ ဘာသာစကားများ၊ ပုံပြင်များ၊ ရိုးရာလက်မှုပညာရပ်များ၊ ဓလေ့ထုံးစံများ၊ အနုပညာရပ်များအားလုံးသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များက စာရင်းကောက်ယူမှတ်တမ်းတင်ထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၈၉ ခုကို သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့်ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ယင်းဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်လာနိုင်ပြီး တစ်ဖက်ကလည်း ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်လာနိုင်မည် ဖြစ်ပါကြောင်း၊ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြည်သူလူထုအကြား ချပြရှင်းလင်း အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ရန်လည်း မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဒြပ်ရှိ/ဒြပ်မဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းနှင့် စေတီ၊ ပုထိုး စသည့် သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားပုထိုးများအား Digital နည်းပညာဖြင့် Direct-ory ပြုလုပ်ဆောင်ရွက်နေမှုအခြေအနေများ၊ ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းခြင်းအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဒြပ်ရှိဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

■ ***ရွှေ့ဖုံးမှ***

ပြိုင်ပွဲဝင်မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။

ကလောမြို့ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှဈေးသည်များက လူသုံးကုန်နှင့်စားသောက်ဖွယ်ရာများ လာရောက်ရောင်းချလျက်ရှိပြီး ရိုးရာမီးရှော်တိုင်ထွန်းညှိပူဇော်ယှဉ်ပြိုင်နေစဉ်ရပ်နီး/ရပ်ဝေးမှဓာတ်ပုံဆရာများလည်း လာရောက်ရိုက်ကူးလျက်ရှိကြောင်းဒေသခံများထံမှသိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့်ပူတာအိုမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၁၂ လက်မဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝန်ကြီးဌာနအားကစားပြိုင်ပွဲများအားပေးကြည့်ရှုပြီး ဆုများချီးမြှင့်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

**(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဝန်ထမ်းများ စိတ်ပျော်ရွှင်စေရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ရည်ရွယ်လျက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ လွန်ဆွဲအားကစားပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်ကြည့်ရှုအားပေးသည်။**



### ကျင်းပ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် အောက်တိုဘာလမှစတင်၍ ဦးစီးဌာနအလိုက် ဘောလုံးပြိုင်ပွဲများ၊ ဖူဆယ်ပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ အသင်းလိုက်ထုပ်ဆီးတိုးပြိုင်ပွဲများကို ကျင်းပခဲ့သည်။

### ပေးအပ်ချီးမြှင့်

အဆိုပါအားကစားပြိုင်ပွဲများအလိုက် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ အားကစားပြိုင်ပွဲနည်းအလိုက် နှစ်သိမ့်ဆုရအသင်းများအား ဒုတိယအမြဲတမ်းအတွင်းဝန်ကလည်းကောင်း၊ တတိယဆုရအသင်းများအား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဒုတိယဆုရအသင်းများအား ဒုတိယဝန်ကြီးကလည်းကောင်း၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲ ပထမဆုရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်း၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲပထမဆုရ သမဝါယမဦးစီးဌာနအသင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲပထမဆုရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲပထမဆုရ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအသင်း၊ ဖူဆယ်ပြိုင်ပွဲ ပထမဆုရ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအသင်း၊ ထုပ်ဆီးတိုးပြိုင်ပွဲ ပထမဆုရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲပထမဆုရ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအသင်းတို့ကို ပြည်ထောင်စုဝန်ကြီးက ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် အောင်မြေသာစံမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း(နန်းတွင်း)၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းနှင့် မန္တလေးပညာရေး ဒီဂရီကောလိပ်ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။



### ဖြည့်ဆည်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး သည် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူများအနေဖြင့် ဘဝတိုးတက် အောင်မြင်ရေးအတွက် ပညာကိုကြိုးစား သင်ယူရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ ဆုံးမ သင်ကြားသည့်အတိုင်း ကြိုးစား လိုက်နာကြစေလိုကြောင်း ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### တွေ့ဆုံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

### ဆွေးနွေးပြောကြား

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် တတ်မြောက်အောင် စေတနာထား၍ သင်ကြားပေးရေး၊ တစ်ဦးနှင့် တစ်ဦးအပြန်အလှန်လေးစားတန်ဖိုးထားဆက်ဆံကာ မိမိတို့တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ရေး၊ တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေး တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေး၊ ကျောင်းသန့်ရှင်း သာယာရေး၊ စာမေးပွဲဆိုင်ရာ လုပ်ငန်းများကို စာမေးပွဲ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ဇန်နဝါရီလတွင် နေပြည်တော်၌ကျင်းပမည့် သုတေသနစာတမ်းဖတ်ပွဲတွင် တန်ဖိုးရှိသည့် သုတေသနစာတမ်းများ ပါဝင်ဖတ်ကြားရေးတို့ကို ဆွေးနွေးပြောကြားကာ တက္ကသိုလ်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက တက္ကသိုလ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) ၌ ကျင်းပသည်။

### ဆောင်ရွက်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း က နှစ်စဉ် ဒီဇင်ဘာ ၁ ရက်ရောက်တိုင်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြပြီး အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရန်၊ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နှိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ပူးပေါင်းပါဝင်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ဆိုသည့် ရည်ရွယ်ချက်နှင့် ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံကိန်း ၂၀၂၁-၂၀၂၅ မှာပါရှိသည့် ဦးစားပေး နည်းဗျူဟာ(၅) ရပ်နှင့်အညီ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Let Communities Lead" "အေအိုင်ဒီအက်စ်ကင်းဝေးရေး၊ ပြည်သူလူထု ဦးဆောင်ပေး" နှင့်အညီ အိပ်ချ်အိုင်ဗွီ ကာကွယ်ကုသရေး ဝန်ဆောင်မှု လုပ်ငန်းများကို လူတိုင်း ညီတူညီမျှလက်လှမ်းမီရရှိရေးအတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများ အပါအဝင် ပြည်သူလူထုအားဖြင့် ဆောင်ရွက်မှသာ ၂၀၃၀ ပြည့်အကုန်တွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆုများချီးမြှင့်

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်သည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်းတင်ဗီဒီယိုကိုပြသပြီး အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုကြသည်။

### ပူးပေါင်းဆောင်ရွက်

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပြည်သူလူထု အခြေပြုကွန်ရက်များမှ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူ စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးခန်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ် စုပေါင်းအစည်းအဝေးခန်းမ၌ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိသော ဆေးခန်းများ၏ အာမခံအလုပ်သမားများအတွက် ဆေးကုသဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ စာချုပ်ဆေးခန်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။



**တက်ရောက်**

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးခန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အဓိကလုပ်ငန်းစဉ် (၂)ရပ် ဖြစ်သည့် အာမခံအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း (Providing Free Medical Care)၊ ငွေကြေးအကျိုးခံစားခွင့်ပေးခြင်း (Providing Cash Benefits)တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ အဓိကလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းကို တစ်ဖက်တစ်လမ်းမှ ဝန်ဆောင်မှုပေးလျက်ရှိသည့် Providers များ အားလုံးကို ကျေးဇူးတင်ကြောင်း၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှု လိုအပ်ချက်များကို ကောင်းမွန်ပြည့်စုံစွာ ဖြည့်ဆည်းပေးအပ်နိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ/ မြို့နယ်လူမှုဖူလုံရေးဆေးခန်းများ အပြင် ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး စာချုပ်ဆေးရုံ/ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်မှ စတင်ပြီး Carewell Medical Co; Ltd နှင့် ပူးပေါင်းကာ အဖွဲ့ပိုင်ဆေးခန်းများတွင် Carewell Medical Co; Ltd မှ လိုအပ်သော ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းကာ ဆေးဘက်စီမံခန့်ခွဲမှုလုပ်ငန်းများ အပါအဝင် ဆေးကုသမှုဝန်ဆောင်မှုများကို ပေးအပ်သည့် စမ်းသပ်ဆေးခန်းများအဖြစ် Carewell Medical Co; Ltd နှင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

၂၀၁၈ ခုနှစ် ဧပြီလတွင် နိုင်ငံတကာတွင် ကျင့်သုံးအောင်မြင်နေသည့် Provider Purchaser Split (Capitation Payment) စနစ်ဖြင့် စာချုပ်ဆေးခန်းများ ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် Capitation Payment စနစ် စာချုပ်ဆေးခန်း ၂၄ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၂၈ ခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အကျိုးဝင် အာမခံအလုပ်သမားများအနက် အမျိုးသမီးအလုပ်သမားများသည် သုံးပုံနှစ်ပုံခန့်ရှိခြင်းကြောင့် သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD Care) နှင့် မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ထပ်တိုးဝန်ဆောင်မှု ဆောင်ရွက်ပေးနိုင်ခဲ့၍ စာချုပ်ဆေးရုံ/ သားဖွားခန်း ၁၂ ခန်း ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စာချုပ်ဆေးခန်းများအနေဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသည့်နေရာတွင် စေတနာ၊ မေတ္တာထားပြီး အလုပ်သမားဆေးရုံကြီးများ အသွင်အပြင် ခံ့ညားစေရေး၊ ဝန်ဆောင်မှု တိုးတက်ကောင်းမွန်စေရေး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ/ ဆေးခန်းများနှင့်ပတ်သက်၍ ဆေးကုသဆောင်ရွက်ပေးမှု အခြေအနေများနှင့် စာချုပ်ဆေးခန်းမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြမှုများကို ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ၂၀၂၃ခုနှစ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်တွင် မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီပြည်နယ် နန်ချန်းမြို့၌ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိကျင်းပသည့် ၂၀၂၃ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်ရန် နန်ချန်းမြို့၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ကျန်ကျိုးခေတ်မီတရုတ်တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုစက်ရုံနှင့် ပြခန်းသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက တရုတ်တိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်နေမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ဖြူးရောင်းချနေမှုတို့ကို လိုက်လံရှင်းလင်းပြသခဲ့သည်။

**ဆောင်ရွက်**

ထို့နောက် ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်မိန့်ခွန်းပြောကြားရာ တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံယဉ်ကျေးမှုနှင့် အမွေအနှစ်များ၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာရပ်ကို အနာဂတ်မျိုးဆက်များထံ လက်ဆင့်ကမ်းပြီး လူ့အဖွဲ့အစည်း၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာ ကဏ္ဍမြှင့်တင်ရန်နှင့် လူတိုင်းလက်လှမ်းမီနိုင်စေရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာဆိုင်ရာ မူပိုင်ခွင့်များကို ကာကွယ်ရန်နှင့် တိုင်းရင်းဆေးများကို တာဝန်သိသိ၊ ကျင့်ဝတ်သိက္ခာရှိရှိ သုံးစွဲကြောင်း သေချာစေရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

တိုင်းရင်းဆေး ထုတ်ကုန်များ၏ ဘေးကင်းမှုနှင့် အရည်အသွေးကို သေချာစေရန်အတွက် နိုင်ငံတကာစံနှုန်းများကို လိုက်နာကာ ကုန်ကြမ်းနှင့် ဖြည့်စွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ပြုချက်များကို ကြီးကြပ်လျက်ရှိပါကြောင်း၊ ပရဆေးကုန်ကြမ်းများနှင့် ဆေးဖက်ဝင်အပင်များ၊ အချောထည်ထုတ်ကုန်များအတွက် ပို့ကုန်အကြံပြုချက်များလည်း ပေးလျက်ရှိပါကြောင်း၊ ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံသားများအား ဘေးကင်းပြီး အရည်အသွေးမြင့်သော တိုင်ရင်းဆေးရိုးရာကုထုံးများ ရရှိနိုင်စေရန် ခိုင်မာသော ကတိကဝတ်ကို အလေးပေးဖော်ပြခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းဆေးများ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်း လုပ်ငန်းစဉ်များကို ထိရောက်သောအဖွဲ့အစည်း၊ စီမံခန့်ခွဲမှု၊ စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ခိုင်မာစေရန်အတွက် မြန်မာတိုင်းရင်းဆေး စံချိန်စံညွှန်း ၁၇ မျိုးနှင့် မြန်မာ့ပရဆေးပင်ကျမ်းစာအုပ်တို့ကို ပြုစုထားပါကြောင်း၊ နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘေးကင်းပြီး အရည်အသွေးမြင့် တိုင်းရင်းဆေးဝါးများကို သုံးစွဲနိုင်ရန်ရည်ရွယ်ပါကြောင်း၊ တိုင်းရင်းဆေးပညာ၏ အမွေဆက်ခံမှုနှင့်ဆန်းသစ်တီထွင်မှု၊ တိုင်းရင်းဆေးပညာဆိုင်ရာ မူပိုင်ခွင့်များ ကာကွယ်ရေးအတွက် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ၂၀၂၃ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်သည့်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျန်းစုဆေးဝါးထုတ်လုပ်မှုစက်ရုံ၊ တရုတ်တိုင်းရင်းဆေးကုသခန်းများ၊ တရုတ်တိုင်းရင်းဆေးဝါးပြခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံ အစရှိသည်တို့ပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ အာဖဂန်နစ္စတန်၊ ဘီလာရုစ်၊ မွန်ဂိုလီးယား အစရှိသည်တို့ ပါဝင်သည့် လေ့လာသူနိုင်ငံများ၊ မြန်မာ၊ ဘာရိန်း၊ ကူဝိတ်၊ ကမ္ဘောဒီးယားနိုင်ငံ အစရှိသည်တို့ပါဝင်သည့် ဆွေးနွေးဖက်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားခဲ့ကြပြီး ဖိုရမ်တွင် တိုင်းရင်းဆေးဝါး အရည်အသွေးကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု ဆန်းသစ်တီထွင်ရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ မူပိုင်ခွင့်ကာကွယ်ခြင်းကိစ္စရပ်များအား အဓိကဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)နှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (အဆောက်အဦ၊ လမ်း၊ တံတား)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ သင်တန်းကျောင်းမှ ဝန်ထမ်းများ ၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (အဆောက်အဦ၊ လမ်း၊ တံတား)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (အဆောက်အဦ၊ လမ်း၊ တံတား)တို့မှ တာဝန်ခံများက မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) အနေဖြင့် တိုးတက်မြင့်မားလာသော နည်းပညာအချက်အလက်များကို မျက်ခြည်မပြတ်စေဘဲ ခေတ်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ် (Human Resources) မြှင့်တင်ပေးနိုင်ရေး စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲများအနေဖြင့် တစ်နိုင်ငံလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် များစွာ အရေးပါသောကြောင့် ဌာနတာဝန်ရှိသူများအနေဖြင့် စနစ်တကျစစ်ဆေးဆောင်ရွက်ကြရန်နှင့် ISO အသိအမှတ်ပြု လက်မှတ်ရရှိပြီးသောဌာနဖြစ်၍ လုပ်ငန်းစဉ်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ခေတ်နှင့်အညီ ဖြည့်တင်းပေးနိုင်ရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေး၍ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းအသုံးပြုကြရန်နှင့် လုပ်ငန်းခွင်အရည်အသွေး ထိန်းသိမ်းရေးအတွက် အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သတင်းပို့တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြို့ပြ/ရေသန့်/လျှပ်စစ် အပိုင်းလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းများ လျာထားချက်အတိုင်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆေးရုံအဆောက်အဦဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် စိစစ်ဆောင်ရွက်ပေးသွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# သတ္တမအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီ ရွေးချယ်တင်မြှောက်ခြင်းနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (၁၅) ကြိမ်မြောက် ရွေးချယ်တင်မြှောက်ရေး ညှိနှိုင်းစည်းဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၏ သတ္တမအကြိမ် တိရစ္ဆာန် ဆေးပညာကောင်စီ ရွေးချယ် တင်မြှောက်ရေးနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (၁၅) ကြိမ်မြောက် ရွေးချယ်တင်မြှောက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများ၊ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီ ဥက္ကဋ္ဌ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဆွေးနွေး**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်းတို့သည် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ တိရစ္ဆာန် ဆေးပညာသင်ကြားရေးစနစ်ကို ခေတ်မီနည်းပညာများဖြင့် စဉ်ဆက်မပြတ် မြှင့်တင်သင်ကြားပေးနိုင်ရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် တိရစ္ဆာန် ဆေးပညာဆိုင်ရာ အတတ်ပညာအရပ်ရပ်ကို အသုံးချလုပ်ကိုင်သူတို့အား ယင်းတို့နှင့် သက်ဆိုင်သော ကျင့်ဝတ်နှင့် စည်းမျဉ်း စည်းကမ်းများကို စနစ်တကျ လိုက်နာကျင့်သုံးကြစေရေး ဝိုင်းဝန်း ထိန်းကျောင်းကြရန်နှင့် တိရစ္ဆာန်ဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကျရာကဏ္ဍမှ ပူးပေါင်းကြိုးပမ်းကြရန် ဆွေးနွေးပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီ ဥက္ကဋ္ဌက တတိယအကြိမ် တိရစ္ဆာန် ဆေးပညာကောင်စီ ရွေးချယ် တင်မြှောက်ရေး ဆောင်ရွက်ထားရှိမှုနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အတွင်းရေးမှူးက တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း၏ (၁၅) ကြိမ်မြောက် ရွေးချယ်ရေးဆောင်ရွက်နေမှုတို့ကို တင်ပြကြရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ကြံ့ခွဲဖူးသောမြင်အပ် မမြင်အပ်များအကြောင်း | မင်းမော် | ဦးအာကာကျော်<br>လမ်းပြကြယ်စာပေ |
| ၂။ | သူများတွေလဲရပါစေ | အေးမွန် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၃။ | အစွန်းထင်းမဲ့နှလုံးသား (ခံစားမှုစာစုများ) | ရိပ်ငြိမ် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၄။ | ပိုက်ဆံရှာပါ | လောကသစ္စာ | ဦးခင်မောင်ကြည်<br>လောကသစ္စာစာပေ |
| ၅။ | အောင်မြင်မှု အတွေ့အကြုံများ (တတိယအကြိမ်) | ကျော်ကျော်လှိုင် | ဦးကျော်ကျော်လှိုင်<br>Smart စာပေ |
| ၆။ | ရွက်ဖျင်တဲအခိုးခံလိုက်ရပြီ ရသစာတမ်းစုစည်းမှု | နိုင်မြင့် | ဦးသိန်းလွင်<br>လင်းလွန်းခင်စာပေ |
| ၇။ | စုံထောက်ကလေးသုံးယောက်နှင့် ကလေးဝတ္ထုတိုများ | နိုင်မြင့် | ဦးသိန်းလွင်<br>လင်းလွန်းခင်စာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**

အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption – ASEAN–PAC) ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး ပထမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Landmark Mekong Riverside Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ H.E. Mr.Khamphanh PHOMMATHATH ကဆောင်ရွက်ပြီး ယခင်နှစ်က ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ယခင်နှစ်က အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့မှ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံ အသီးသီးအနေဖြင့် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးခြင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ဒေသဆိုင်ရာကိုယ်စားလှယ်မှ ဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အများပြည်သူဆိုင်ရာ အသိပညာပေးမှုနှင့် အများပြည်သူမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အလေးထား ဆွေးနွေးခဲ့ပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးအစီအစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ၊ ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းများနှင့် Edutainment အစီအစဉ်များမှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များပါဝင်လာရေး မြှင့်တင်ဆောင်ရွက်နေမှု၊ Edutainment အစီအစဉ်များတွင်ပါဝင်သည့် ကျောင်းသားများနှင့် ဆရာ ဆရာမများထံမှ ကောင်းမွန်သည့်တုံ့ပြန်မှုများ ရရှိခဲ့မှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များကိုလည်း ထုတ်ဝေဖြန့်ချိခြင်း ဆောင်ရွက်နေမှု၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) များ ဆောင်ရွက်နေမှု၊ နိုင်ငံ့ဘဏ္ဍာ ပြန်လည်ရယူနိုင်ရန် ဦးတည်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေမှု၊ သတင်းပေးသူအကာကွယ်ပေးရေး ဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်နေမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့အပြင် ယင်းနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့တို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ညနေပိုင်းတွင်မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လာအိုနိုင်ငံအစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌ H.E. Mr.Khamphanh PHOMMATHATH ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ထိုင်းဘုရင့်နိုင်ငံ အမျိုးသားအဂတိလိုက်စားမှုဆန့်ကျင်ရေးကော်မရှင် (National Anti–Corruption Commission–NACC) မှ Deputy Secretary– General Mr.Prateep Juthasron ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ထို့နောက် လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် နိုဝင်ဘာ ၃၀ ရက်တွင် ASEAN–PAC E–Booklet မူကြမ်းနှင့် လွှင့်တင်ရေးကိစ္စရပ်များဆွေးနွေးခြင်း၊ ၂၀၂၄ ခုနှစ်တွင် ASEAN–PAC အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည့် အဆိုပြုခေါင်းစဉ်အပေါ် ဆွေးနွေးခြင်း၊ ၂၀၂၄ ခုနှစ် အဖွဲ့ဝင်အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားနိုင်ငံ KPK မှ အစည်းအဝေးလက်ခံကျင်းပရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ ASEAN– PAC ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များစာရင်းအား အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပိတ်ပွဲအခမ်းအနားသို့ လာအိုနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ (State Inspection Authority – SIA) ဥက္ကဋ္ဌ H.E. Mr. Khamphanh PHOMMATHATH က ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံပညာရေးဒီဂရီကောလိပ်၏၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆို

**ဘားအံ ဒီဇင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဘားအံပညာရေး ဒီဂရီကောလိပ်၏ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် (ပထမနှစ်) မောင်မယ်သစ်လွင်များနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း PPTT (၁၀/၂၃) သင်တန်းသားသင်တန်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခန့်က အဆိုပါဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။



မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ ဘားအံပညာရေး ဒီဂရီကောလိပ်၌ (၄) နှစ်သင် ပညာရေးဒီဂရီကောလိပ် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူ ၁၁၁ ဦး၊ PPTT (၁၀/၂၃) သင်တန်းသား သင်တန်းသူ ၂၂ ဦး၊ ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ၃၇၀၊ တတိယနှစ် ကျောင်းသား ကျောင်းသူ ၄၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၅၀ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်/ ဆက်စပ် သင်ယူနိုင်သော စဉ်းစားတွေးခေါ် သင်ကြားပို့ချပေးနိုင်သော ဆရာ ဆရာမကောင်းများ ဖြစ်အောင် ပြည်နယ်အကျိုး၊ နိုင်ငံ့အကျိုးကို ရွက်သယ်ပိုးဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မောင်မယ်သစ်လွင် စုစုပေါင်း ၁၃၃ ဦးအတွက် ငွေကျပ် ၂၆၆၀၀၀၀ (နှစ်ဆယ့်ခြောက်သိန်းခြောက်သောင်း) ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** ဘားအံပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြကာ မောင်မယ်သစ်လွင်များမှ King, Queen နှင့် Prince , Princess တို့ကို ရွေးချယ်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်တို့က King, Queen နှင့် Prince , Princess ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသော မောင်မယ်သစ်လွင်များ၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား ကျောင်းသူများ၊ စီမံအုပ်ချုပ်ရေး အဖွဲ့များနှင့် သင်ကြားရေး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်ရဲတပ်ဖွဲ့တပ်ဖွဲ့ဝင်များနှင့်အတူနေအိမ်ထောင်စု မိသားစုဝင်များအား ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစုများအတွက် ဆန် ၈၉ အိတ်၊ ဆီပိဿာ ၁၃၀ ၊ ခေါက်ဆွဲဖာ ၈၀ ကို ထောက်ပံ့ပေးအပ်ကာ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီအတွက် ငွေကျပ်ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မင်းလှ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ဆေးကုသ

**အထက်မင်းလှ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို နိုဝင်ဘာ ၂၉ ရက်က မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများက ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါလက္ခဏာများနှင့် ဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ ကြိုတင်ကာကွယ်နည်းများ၊ စနစ်တကျကုသရမည့်နည်းလမ်းများ၊ နောက်ဆက်တွဲရောဂါများနှင့် ဆိုးကျိုးများကို အသိပညာပေးဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် အောင်ကျော်သူနှင့် ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၄၆ ဦးကို စစ်ဆေးကုသပေးရာ သွေးတိုးရောဂါတွေ့ရှိသူ ၁၅ ဦး၊ သွေးချိုရောဂါတွေ့ရှိသူ ရှစ်ဦး၊ နှလုံးရောဂါတွေ့ရှိသူ တစ်ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# မင်းရန်အောင်၊ မော်ဖဒေသနှင့် မက်မန်းမြို့သာယာ

မြင့်စိုး(နတလ)


မက်မန်းမြို့ ရှုခင်းတစ်နေရာ။

❑ ညဦးပိုင်း လင်းလက်နေသော ဆိုလာမီးအလင်းရောင်လေးကို ကြည့်ရင်းက မက်မန်းမြို့လေးမှာ ၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ မီးစက်နှင့် နှစ်ပါးသွားကာ ၆ နာရီမှ ၉ နာရီအထိ မီးပေးနေရသည့် ၆-၉ ဘဝက မကျွတ်လွတ်နိုင်သေးသည်ကို စိတ်မကောင်းဖြစ်မိသည်။ မက်မန်းမြို့ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ နမ့်နန်းချောင်းမှ ရေအားကို အသုံးပြုပြီး ရေအားလျှပ်စစ်ထုတ်နိုင်ရေး ၂၀၁၈ ခုနှစ်တွင် ကြိုးစားခဲ့ကြသေးသည်။ မအောင်မြင်ခဲ့ပါ။ ယခု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးအနေဖြင့် မက်မန်းမြို့ မီးရရှိရေးကိစ္စအပေါ် အထူးအလေးထား ဆောင်ရွက်ပေးနေကြောင်း တွေ့ရသည်။ ကွင်းဆင်းတိုင်းတာ လေ့လာရေးအဖွဲ့တွေ ထပ်မံစေလွှတ်ထားသည်

*(ယမန်နေ့မှအဆက်)*

**မော်ဖဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအစ**

နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများ မရောက်ဖူး၊ မသွားဖူး၊ မနေဖူးသော ဒေသဟူ၍ အလွန်ရှားသည်။ မော်ဖဒေသ၏ ဒုက္ခတွေကို ကောင်းစွာသိ၏။ ထို့ကြောင့် မော်ဖဒေသ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်အတွင်းမှာပင် အစပျိုးဆောင်ရွက်ပေးခဲ့သည်။

၁၉၈၉ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ မော်ဖဒေသကျေးရွာအုပ်စု ၁၁ ခု၊ ကျေးရွာပေါင်း ၆၉ ရွာ၌ တစ်အိမ်တက်ဆင်း အိမ်ထောင်စုစာရင်းများ ကောက်ယူခဲ့သည်။ သက်သာဆိုင် သုံးဆိုင်ဖွင့်၍ ဆန်၊ ဆား၊ ဒန်အိုး၊ ဒန်ခွက်၊ ဆပ်ပြာ၊ ငါးပိ၊ ငါးခြောက်၊ အာလူး၊ ရေနံဆီ၊ ဖယောင်းတိုင်၊ လက်ဖက်ခြောက် စသည်တို့ကို ရောင်းချပေးသည်။

၁၉၈၉ ခုနှစ်အတွင်း မက်မန်း၊ ကောင်းလန်း၊ အေးကျန့်၊ ငှက်ယောင်း၊ ဝိန်းနောင်၊ ဆွတ်ဝိုး၊ မော်ဝမ်၊ တာကော်လေးတို့တွင် အမကကျောင်းများ စတင်ဖွင့်လှစ်သည်။ ဆက်လက်၍ မုလု၊ မန်ဝိန်း၊ အိုင်ကလောင်၊ ပန်ခူး၊ နမ့်ကော်၊ ရောင်အူ၊ ပန်နင်း၊ ဝမ်စလောင်း၊ မငေါက်၊ ပန်ကွဲ၊ ကွန်ကောင်းကြီး၊ တွယ်နောက်နှင့် ငဟောင်တို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ အလားတူ ၁၉၈၉ ခုနှစ်တွင် မက်မန်းနှင့် ဆွတ်ဝိုး၌ ဆေးရုံများဖွင့်လှစ်၍လည်းကောင်း၊ ဝိန်းနောင်တွင် ဆေးပေးခန်းဖွင့်လှစ်ပေး၍လည်းကောင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စတင်ခဲ့ပြီး ဝမ်စလောင်း၊ ရောင်အူ၊ ငှက်ယောင်း၊ ကောင်းလန်၊ မုလု၊ တာကော်လေး၊ မန်ဝိန်း ဆေးခန်းများကို ဆက်လက်ဖွင့်လှစ်ပေးခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် မော်ဖဒေသနေ သွေးချင်းများအတွက် ကာကွယ်ရေးဝန်ကြီးဌာနက တပ်မတော် သက်သာအရောင်းဆိုင် ၁၇ ဆိုင်ဖွင့်၍ ငါးခြောက်ပိဿာ ၁၀၀၀၊ ဆားပိဿာ ၅၀၀၀၊ သကြားနှင့် ဘီစကွတ်မုန့်များ ရောင်းချပေးခဲ့သည်။ အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီအနေဖြင့်လည်း အိမ်မိုးသွပ်နှင့် ပြောင်သွပ်များ၊ ဘိလပ်မြေ၊ သံမျိုးစုံနှင့် ၄ ကေဗွီအေ မီးစက်များ ထောက်ပံ့ပေးခဲ့သည်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသုံးစာအုပ်များ၊ လူမှုဝန်ထမ်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ လှူဒါန်းသော လူသုံးကုန်ပစ္စည်းများကိုလည်း မော်ဖဒေသသို့ ပေးပို့ခဲ့သည်။ နတလမှ ပေးပို့သော မီးစက်များဖြင့် မက်မန်း၊ ဝိန်းနောင်နှင့် ဆွတ်ဝိုးတို့သည် ၁၉၉၀ ပြည့်နှစ် မတ် ၂၇ ရက်မှစတင်ကာ မီးလင်းခဲ့သည်။ ဆက်လက်၍ မော်ဝမ်၊ နမ့်နန်း၊ ဝမ်စလောင်း၊ တာကော်လေး၊ ရောင်အူတို့ကိုလည်း မီးလင်းသောရွာများအဖြစ် ဖြစ်လာစေခဲ့သည်။

မော်ဖဒေသ စိုက်ပျိုးရေးလုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ်အတွင်း နမ့်နန်းချောင်းတစ်ဝိုက် နေရာဖော်ထုတ်ခြင်းနှင့် မော်ဝမ်ရွာ စံပြစိုက်ခင်းတို့ဖြင့် အစပြုခဲ့သည်။ စပါးမျိုး၊ ပြောင်းမျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးများ ပို့ပေးခဲ့၏။ စိုက်ပျိုးရေးရုံးတစ်ရုံး၊ စိုက်ပျိုးရေးစခန်းနှစ်ခု ထားရှိပေးသည်။ လွယ်ပါ-လွယ်ဟိုလာလမ်း၊ တာကော်လေး-မက်မန်းလမ်း၊ ပို့င့် ၆၀၂၈- ရောင်အော် - ပန်ဆန်းလမ်းများ ဖောက်လုပ်ပေးပြီး ပေ ၃၇၀ အရှည်ရှိ ဝမ်တာခက်တံတား တည်ဆောက်ခဲ့သည်။

**မက်မန်းမြို့သစ် တည်ဆောက်ရေး**

မက်မန်းရွာမှ မြို့ဖြစ်လာသည်။ မြို့သစ်တည်ဆောက်ရေးကို ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် တပ်မ ၇၇ နည်းဗျူဟာ ၇၇၃ မှူး ဗိုလ်မှူးကြီးရန်သိန်း (ဗိုလ်မှူးချုပ်ရန်သိန်း-ငြိမ်း) က ဦးစီးဆောင်ရွက်ခဲ့ရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်ကြ၏။ မင်းရန်အောင်စေတီကို တည်ထားကိုးကွယ်ပြီး ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခဲ့သည်။ မြို့နယ်အဆင့်နှင့် လျော်ညီစွာ တယ်လီဖုန်းလိုင်း ၃၀ ပါ အိတ်ချိန်း တပ်ဆင်ပေးခဲ့၏။ တာကော်လေးတွင် ကြေးနန်းရုံး ဖွင့်ပေးသည်။ ဤသည်တို့ကား မော်ဖဒေသ၏ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ကနဦးနိဒါန်းအစ ဖြစ်ပါသည်။ ဆက်လက်၍လည်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးခဲ့သည်။ သက်ဆိုင်ရာကဏ္ဍအလိုက် အဆင့်တိုးမြှင့်ပေးမှုများလည်းရှိခဲ့သည်။ ယနေ့အချိန်တွင် မက်မန်းအထကနှင့် စာစစ်ဌာန ရရှိခဲ့ပေပြီ။


ကွန်ဟောင်းကျေးရွာတွင် ဒေသခံလားဟူတိုင်းရင်းသားများနှင့် အမှတ်တရ။

**၂၀၁၈ ခုနှစ် မော်ဖဒေသို့ ရောက်ခဲ့စဉ်က**

နတလဝန်ထမ်းဘဝဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဆွတ်ဝိုးဆေးရုံသို့ ဝင်ရောက်ပြီး ဆေးရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ၊ စာအုပ်လက်ဆောင်များ ပေးခဲ့ပါသည်။ မက်မန်းမြို့ကို ရောက်လျှင်ရောက်ချင်း မင်းရန်အောင်စေတီတော်ကို သွားရောက်ဖူးမြော်သည်။ ထိုစဉ်က ပညာဒီပကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်နေပေရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်ထံ လှမ်းသတင်းပို့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အလှူငွေကျပ်သိန်း ၂၀၀ လှူဒါန်းခဲ့ပါသည်။


ဝမ်တာခက်တံတား မြင်ကွင်း။

ကျိုင်းတုံမှ မက်မန်းမြို့သို့ ထွက်မလာမီ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးထံ ဝင်ရောက်သတင်းပို့ခဲ့ရာ တိုင်းမှူးကလည်း မော်ဖဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ မှာကြားပါသည်။

သူ၏ အကြံပြုချက်များကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြပြီးနောက် မက်မန်းမြို့နယ်ထဲမှ ကျေးရွာ ၁၂ ရွာအတွက် ဆိုလာမီး ၃၆၆ စုံ၊ မြို့နယ်အတွင်းရှိ အထက၊ အလက၊ အလက (ခွဲ)၊ အမက ကျောင်းများ စုစုပေါင်း ၃၃ ကျောင်းတွင် လာရောက်တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအတွက် ဆိုလာမီး ၅၈ စုံ၊ မင်းရန်အောင်ကျေးရွာအတွက် ဆိုလာမီး ၃၂ စုံ ထောက်ပံ့ပေးခဲ့ပါသည်။ ထို့ပြင် မင်းရန်အောင်ကျေးရွာအတွက် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆရာ ဆရာမများအတွက် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာ တစ်လုံးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။ မက်မန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြန်မည့်မနက်ခင်းမှာ တွေ့ဆုံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပါသည်။

မက်မန်းသည် ဝန်ထမ်းပျော်မြို့လေးအဖြစ် တည်ရှိလာသည်မှာ နှစ်ပေါင်းမနည်းတော့ပြီ။ မော်ဖဒေသသို့ရောက်ရှိခိုက် မက်မန်းမြို့ ပတ်ဝန်းကျင်မှ လမ်းဖောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုခဲ့သလို ရောင်အူကြီးဘက်သို့လည်း သွားရောက်၍ နတလ လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထိုခရီးစဉ်၌ ကျွန်တော်သည် မင်းရန်အောင်ကျေးရွာလေးသို့ မရောက်ခဲ့ပါ။

**မက်မန်းမြို့သို့ နှစ်ခေါက်လေ**

ဒါရိုက်တာကြီး ဦးတင်ယု၏ မေတ္တာဘုံသို့ နှစ်ခေါက်လေ ရုပ်ရှင်ဇာတ်ကားနာမည်လေးကို သဘောကျခဲ့သည်။ ကျွန်တော် သံယောဇဉ်ဖြစ်ခဲ့ရသော မြို့ရွာဒေသများသို့ ဒုတိယတစ်ခေါက် ပြန်ရောက်ခဲ့လျှင် ဤကဲ့သို့ ဆောင်းပါးခေါင်းစဉ်လေးတွေပေး၍ ရေးခဲ့ဖူးသည်။ ဟိုမိန်းမြို့သို့ နှစ်ခေါက်လေ၊ ထိန်ညိုတောင်သို့ နှစ်ခေါက်လေ စသည်ဖြင့်…။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလက ရောက်ခဲ့သော မက်မန်းမြို့လေးကို ကျွန်တော်မမေ့ခဲ့။ သည့်အတွက် နတလဝန်ထမ်းဘဝမှ အငြိမ်းစားယူထားသည့် အချိန်ကာလ ၂၀၂၂ ခုနှစ် မတ် ၄ ရက်မှာ မိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် မက်မန်းသို့ ဒုတိယတစ်ခေါက် ထပ်မံရောက်ဖြစ်ခဲ့သည်။

ဤတစ်ကြိမ်မှာတော့ ကျွန်တော်သည် နတလဝန်ထမ်းမဟုတ်တော့၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မကူညီနိုင်တော့ပါ။ သို့ရာတွင် ထိုဒေသမှ ကလေးငယ်များ၏ ပညာရေးကို အထောက်အကူဖြစ်စေခြင်းငှာ အထကကျောင်းသို့ သွားရောက်ပြီး ကျောင်းသား *စာမျက်နှာ ၁၁ သို့*

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆)ရက်တာလှုပ်ရှားမှု

"UNITE! Invest to Prevent Violence against Women and Girls"

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး"

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်နေ့မှ
ဒီဇင်ဘာလ(၁၀)ရက်နေ့အထိ

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"

"United in action to rescue and achieve the SDGs for, with and by persons with disabilities"

၃.၁၂.၂၀၂၃ နေပြည်တော်

*စာမျက်နှာ ၁၀ မှ*

ကျောင်းသူလေးများနှင့် တွေ့ဆုံကာ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များအကြောင်း ဟောပြောဆွေးနွေးပြီး ပါလာသော မဂ္ဂဇင်းစာအုပ်များ၊ အခြားစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ မက်မန်း ပြန်/ဆက်အတွက်လည်း သပ်သပ်လှူခဲ့သေး၏။

ထိုစဉ်က ကျွန်တော့်မိတ်ဆွေ ကိုဗလ(ခေါ်)ကိုမိုးခိုင်အိမ်မှာ ကျွန်တော်တစ်ညအိပ်ခဲ့သည်။ သူ့အိမ်ရှေ့မှနေ၍ အနောက်ဘက်တောင်တန်းများပေါ်မှ နေဝင်ဆည်းဆာအလှကို တဝကြီး ထိုင်ကြည့်ခဲ့ရသည်။ နောက်တစ်နေ့ မက်မန်းမှ ပြန်ထွက်လာချိန် စိတ်ထဲမှာ တွေးလိုက်မိသည်။ မက်မန်းမြို့လေးကို နောင်ဘယ်တော့မှ မရောက်နိုင်တော့ပြီဟု၍...။ သို့သော်ငြားလည်း ကံကြမ္မာ ဖန်လာလိုက်ပုံများ၊ ကျွန်တော်ချစ်သော မော်ဖဒေသ မက်မန်းမြို့လေးသို့ ၂၀၂၂ ခုနှစ် ဧပြီလမှာ တတိယတစ်ခေါက် ထပ်ရောက်ခဲ့ရသည်။ အဘဦးညွန့်ဆွေတို့ ခရီးစဉ်နှင့်။ ယင်းနောက်ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက်မှာ စတုတ္ထအကြိမ်မြောက် ရောက်ခဲ့ရပြန်ပါပကော။ မက်မန်းမြို့သို့ နှစ်ခါလေ မကတော့ပြီ။



ကျွန်တော့်မိတ်ဆွေ ကိုဗလနှင့် အမှတ်တရ။



မက်မန်းခရိုင် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အမှတ်တရ။



မက်မန်းမြို့နယ် မင်းရန်အောင်ကျေးရွာ အမကကျောင်းလေးသို့ ရောက်ရှိခဲ့။

**မင်းရန်အောင်ကျေးရွာလေးဆီသို့**

ယခုတစ်ခေါက် မော်ဖဒေသ မက်မန်းခရီးစဉ်မှာ ကျွန်တော် ပထမဆုံးဝင်ဖြစ်ခဲ့သည်က မင်းရန်အောင်ကျေးရွာလေးရှိရာကိုပဲ ဖြစ်သည်။ မိုင်းပြင်းမှ မက်မန်းသို့သွားရာကားလမ်းအတိုင်း အောင်သံလွင်ကို ကျော်ပြီး နန့်ဟာနူးကျေးရွာသို့အရောက် အနောက်ဘက်သို့ချိုးကာ အတန်ငယ်ဝင်ရသည်။ နန့်ဟာနူး-ဝိန်းနောင် ကူးတို့ဆိပ်သို့သွားသော ကားလမ်း ၁၄/၀ မိုင်ပေါ်တွင် တည်ရှိ၏။ ရောက်ချင်တာကြာပြီဖြစ်သော၊ ၂၀၁၈ ခုနှစ်က ဆိုလာမီး၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ၊ ဘုန်းကြီးကျောင်းများ ခွင့်ပြုပေးခဲ့ဖူးသော မင်းရန်အောင်ကျေးရွာလေးကို ရောက်ခဲ့ပါပြီ။ ထိုထက်ပို၍ ညွှန်းဆိုရလျှင် မင်းရန်အောင်စစ်ဆင်ရေးကြီးကို ဂုဏ်ပြုတည်ထောင်ထားသော ရွာလေးတစ်ရွာသို့ ရောက်ခွင့်ကြုံခဲ့ပြီဖြစ်၍ ကျွန်တော် ကြည်နူးဝမ်းသာဖြစ်ခဲ့မိပါသည်။ ရောက်တုန်းရောက်ခိုက် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ မေးမြန်းဆွေးနွေးဖြစ်ခဲ့သည်။

မိမိတို့ဝန်ကြီးဌာန အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသော "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး" စီမံကိန်းတွင်ပါဝင်သည့် သင်တန်းတစ်မျိုးမျိုးကို လာမည့်ဘဏ္ဍာနှစ်တွင် သင်ကြားပေးရန် မှာကြားခဲ့သည်။ ဆိုင်ကယ်ပြင်သင်တန်း၊ ဝါးလက်မှုထည်သင်တန်းကဲ့သို့ သင်တန်းများ သင်ကြားပေးနိုင်ပါသည်။ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆွတ်ဝိုးအုပ်စု ရောင်ခွန်ရွာအတွက်လည်း ဘက်စုံသုံးခန်းမ တည်ဆောက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

မင်းရန်အောင်ရွာ အမကကျောင်းလေးတွင် ပညာသင်ကြားနေမှုနှင့် ကျောင်း၏လိုအပ်ချက်တို့ကို သွားရောက်ကြည့်ရှုခဲ့ပါသည်။ မင်းရန်အောင်မှ မက်မန်းသို့ ဆက်လက်ထွက်ခွာလာခဲ့ရာ လမ်းတွင် ငှက်ယောင်းကျေးရွာ ကုန်ထုတ်လမ်းကိုလည်းကောင်း၊ ကွန်ဟောင်းကျေးရွာ VDP ကွန်ကရစ်လမ်း ဆောင်ရွက်ပေးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**ရောက်ခဲ့ပါပြီ မက်မန်းမြို့လေးဆီ**

အောက်တိုဘာ ၁၈ ရက် ညဦးပိုင်းမှာ မက်မန်းမြို့လေးသို့ ရောက်လာခဲ့ပြီး ထွေအုပ်ရိပ်သာမှာ တည်းခိုကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းတို့ဇနီးမောင်နှံနှင့် ဝန်ထမ်းများ၏ ညှော့ဝတ်ပျူငှာစွာ ကျွေးမွေးညှော့ခံမှုကိုခံယူရင်း ကျေးဇူးတင်ခဲ့ရပါသည်။ ညဦးပိုင်း လင်းလက်နေသော ဆိုလာမီးအလင်းရောင်လေးကိုကြည့်ရင်းက မက်မန်းမြို့လေးမှာ ၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ မီးစက်နှင့် နှစ်ပါးသွားကာ ၆ နာရီမှ ၉ နာရီအထိ မီးပေးနေရသည့် ၆-၉ ဘဝက မကျွတ်လွတ်နိုင်သေးသည်ကို စိတ်မကောင်းဖြစ်မိသည်။ မက်မန်းမြို့ အနောက်မြောက်ဘက်လေးမိုင်ခန့်အကွာ နမ့်နန်းချောင်းမှ ရေအားကို အသုံးပြုပြီး ရေအားလျှပ်စစ်ထုတ်နိုင်ရေး ၂၀၁၈ ခုနှစ်တွင် ကြိုးစားခဲ့ကြသေးသည်။ မအောင်မြင်ခဲ့ပါ။ ယခု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးအနေဖြင့် မက်မန်းမြို့ မီးရရှိရေးကိစ္စအပေါ် အထူးအလေးထား ဆောင်ရွက်ပေးနေကြောင်း တွေ့ရသည်။ ကွင်းဆင်းတိုင်းတာ လေ့လာရေးအဖွဲ့တွေ ထပ်မံစေလွှတ်ထားသည်။ မက်မန်းမြို့လေး မီးရရှိရေးအတွက် အစစအရာရာ အဆင်ပြေ ချောမွေ့ပါစေကြောင်း တောင်းဆုခြွေဆန္ဒပြုလိုက်ရပါသည်။

**မင်းရန်အောင်စေတီတော်အား ဖူးမြော်**

အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် မင်းရန်အောင်စေတီတော်မြတ်ကို သွားရောက်ဖူးမြော်ကြည်ညို၍ ကျောင်းထိုင်ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ကာ ယူဆောင်လာသည့် စားသောက်ဖွယ်ရာများကို လက်ဆောင်ပေးအပ်ခဲ့ပါသည်။ မည်သည့်နေရာဒေသက လာရောက်တာဝန်ထမ်းဆောင်ကြသည်ဖြစ်စေ၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းဒေသကို ရောက်လျှင် မက်မန်းမြို့သားစိတ်ဓာတ်ခံယူ၍ ဒီဒေသ တိုးတက်ဖွံ့ဖြိုးအောင် စေတနာထား လုပ်ကိုင်ဆောင်ရွက်ပေးကြရန်မှာကြားခဲ့ပါသည်။ ဒီတစ်ခေါက် မော်ဖဒေသ မက်မန်းခရီးစဉ်သည် ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရသည့်နှယ် စိတ်ဝယ်အေးချမ်းသာယာရှိလှပါဘိ။ ။

## ချောက်မြို့နယ်ရှိ အခြေခံပညာကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော်ကို ကျန်းမာရေးအသိပညာမျှဝေ



**ချောက် ဒီဇင်ဘာ ၁** – မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)နှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီး ချောက်မြို့ရှိ အခြေခံပညာကျောင်း ၄၂ ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၂၀၁၁ ဦးတို့အတွက် ကျန်းမာရေးအသိပညာမျှဝေရေး အစီအစဉ်များကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ချောက်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးဆိုင်ရာ မေးခွန်း ၁၀၀ ဉာဏ်စမ်းဖြေဆိုခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ မျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆန်းစစ်လွှာ မေးခွန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် မေးခွန်းများမေးမြန်းရာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁၀ ပါဝင်ဖြေဆိုနေမှုကို ခရိုင်ပညာရေးမှူး ဦးမန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဒီဇင်ဘာ ၁

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ဌာနခွဲများ၊ အားကစားနှင့်ကာယပညာ(သိပ္ပံ)ကျောင်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းလမ်းညွှန်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တာဝန်ခံညွှန်ကြားရေးမှူးများအနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုလုပ်ရာတွင် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ Sports Master Plan ရေးဆွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြောဆိုဆက်ဆံနိုင်စေရေး အင်္ဂလိပ်ဘာသာစကားကို လေ့လာရန်၊ မိမိတို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကဏ္ဍအလိုက် လုပ်ငန်းတိုးတက်မှု ရှိ/မရှိ ညွှန်ကြားရေးမှူးများက ကွင်းဆင်းစစ်ဆေးရန်နှင့် ဌာနသို့ အစီရင်ခံစာတင်ပြရန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တည်ဆောက်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်/စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသူများက စီမံအုပ်ချုပ်ရေးဆိုင်ရာ၊ ဝန်ထမ်းရေးရာ၊ လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အားကစားကွင်း/အားကစားရုံ ပြုပြင်ထိန်းသိမ်းရေး၊ အားကစားပြိုင်ပွဲ ကျင်းပပြီးစီးမှု၊ လူထုအားကစား လှုပ်ရှားဆောင်ရွက်မှုများနှင့် ဒီဇင်ဘာလူထု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး အားကစားနှင့် ကာယပညာ(သိပ္ပံ) ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံညွှန်ကြားရေးမှူးများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၊ အဖွဲ့ခေါင်းဆောင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင်အလေးထားဆောင်ရွက်သွားမည်ဖြစ်သည့် လုပ်ငန်းစဉ်ပါဝင်ရာ တရားဥပဒေစိုးမိုးရေးသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့နိုင်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းအဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များကို အများပြည်သူများ သိရှိနိုင်စေရေးအတွက် ဥပဒေအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ နစ်နာမှုများနှင့် ပတ်သက်သည့် တိုင်စာများကိုလည်း ပေါင်းစပ်အကြံပြုဆွေးနွေးပြီး ပြန်ကြားရမည်ဖြစ်ကြောင်း ပြောကြားပြီး အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ အဖွဲ့ခွဲအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



**အောင်ကို(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

နိုင်ငံတွင်း ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ ပိုမိုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းများတည်ငြိမ်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများတွင် အဓိကသုံးစွဲသော ဒီဇယ်ဆီကို လုံလုံလောက်လောက် ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ရန် နိုင်ငံတော်အနေဖြင့် ပိုမိုအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စက်သုံးဆီဈေးနှုန်းသည် အဓိကအားဖြင့် ကမ္ဘာ့ရေနံဈေးနှုန်း၊ အဓိကဝယ်ယူတင်သွင်းသည့် စင်ကာပူနိုင်ငံမှ ထုတ်ပြန်သော MOPS ဈေးနှုန်းနှင့် ပြည်တွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်းတို့အပေါ်မူတည်၍ အတက်/အကျ ဖြစ်ပေါ်လေ့ရှိသည်။

သီလဝါဆိပ်ကမ်းဒေသကြီးတွင် ပြည်ပမှစက်သုံးဆီသင်္ဘောများ စဉ်ဆက်မပြတ် ဆိုက်ကပ်လျက်ရှိပြီး သက်ဆိုင်ရာ သိုလှောင်ကန်စခန်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ စက်သုံးဆီများ လိုအပ်သလို ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၁** – ကချင်ပြည်နယ်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

* *ရှေ့ဖုံးမှ*

ဝန်ထမ်း သုံးဦးဖြင့် ပျဉ်းမနားမြို့တွင် အပ်ချုပ်ဆိုင်အဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ အပ်ချုပ်ဆိုင်အဖြစ် စတင်ဆောင်ရွက်စဉ်ကပင် အထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်းကြီးအဖြစ်သို့ ကူးပြောင်းနိုင်ရန် ရည်ရွယ်၍ အမှတ်တံဆိပ် (ကုပ်တံဆိပ်)ဖြင့် စတင်ခဲ့ပြီး၂၀၁၈ ခုနှစ်တွင် ဝန်ထမ်းအင်အား ၄၀ ဖြင့် မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်းအဖြစ် ကူးပြောင်းခဲ့ရာ ယခု ၂၀၂၃ ခုနှစ်တွင် ဝန်ထမ်းအင်အား ၃၃၀ ဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးသီရိရဲ့ အဓိက ထုတ်ကုန်တွေကတော့ အမျိုးသမီးဝတ် မြန်မာပုံစံ ဝမ်းဆက်အမျိုးမျိုး၊ ဂါဝန်အမျိုးမျိုး၊ အင်္ကျီအမျိုးမျိုး၊ စကတ်အမျိုးမျိုးနဲ့ ကလေး(မ)ဝတ်အမျိုးမျိုးကို ကိုယ်ပိုင်ဒီဇိုင်းနာ သုံးဦးတို့က ဒီဇိုင်းရေးဆွဲပေးပြီး အထည်ချုပ်ဖို့ ကုန်ကြမ်းပိတ်စများကို ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့က တင်သွင်းတဲ့ ဆွဲသားပိတ်စများကို အဓိကထား အသုံးပြုပါတယ်။ ဒါ့အပြင် အမှာစာရရှိတဲ့ အခြေအနေပေါ်မူတည်ပြီး ချည်ဖွန်ပိတ်စနဲ့ စပန့်သားအမျိုးအစား ပိတ်စများကိုလည်း အသုံးပြုချုပ်လုပ်ပါတယ်" ဟု လုပ်ငန်းရှင်က ရှင်းပြသည်။

ဖြန့်ချိရေးအနေဖြင့် နေပြည်တော်(ပင်ရင်း)ဆိုင်နှင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များတွင် ဆိုင်ခွဲပေါင်း ၁၂ ဆိုင်တို့မှ လက်လီလက်ကားဖြန့်ချိခြင်းအပြင် Online စနစ်ဖြင့်လည်း မြန်မာတစ်နိုင်ငံလုံးတွင် သာမက USA, Singapore, Thailand, Malaysia နိုင်ငံများသို့လည်း လက်လီတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဝန်ထမ်း သုံးဦးနဲ့ အပ်ချုပ်ဆိုင်အဖြစ်စတင်ခဲ့ပြီး အခုလက်ရှိ အထည်ချုပ်နဲ့ ဖြန့်ချိရေးပိုင်းမှာ လုပ်သားအင်အား ၃၃၀ အပါအဝင် အခြားလုပ်ငန်းခွဲများက ဝန်ထမ်းများနဲ့ဆိုရင် ဝန်ထမ်း ၄၀၀ နီးပါးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားပါတယ်။ လုပ်သားများအတွက် လုပ်ခလစာကို အနိမ့်ဆုံးတစ်သိန်းရှစ်သောင်းမှ ငါးသိန်းအထိ တာဝန်ယူထားရတဲ့အလုပ်ပေါ် မူတည်ပြီး ပေးပါတယ်။ ဒါ့အပြင် အဆောင်နေဝန်ထမ်းများအတွက် အဆင့်မြင့်အဆောင်များ အခမဲ့စီစဉ်ပေးထားခြင်း၊ ဝန်ထမ်းအားလုံးအတွက် နေ့စဉ်(နေ့/ည)အလှူအဖြစ် ထမင်း/ဟင်း ကျွေးမွေးခြင်း၊ သာရေး/နာရေးများ ရှိပါက သတ်မှတ်ချက်များဖြင့် ထောက်ပံ့ခြင်း၊ လူမှုဖူလုံရေးအပြင် အာမခံကုမ္ပဏီများမှာ အာမခံများထားပေးခြင်း၊ တက္ကသိုလ်တက်ရောက်ဆဲ ဝန်ထမ်းများကို ထောက်ပံ့ခြင်း၊ ဝန်ထမ်းသားသမီးများကို ပညာသင်ထောက်ပံ့ခြင်း၊ လုပ်ငန်းခွင်အရည်အသွေး တိုးတက်စေဖို့ သင်တန်းများအား အခမဲ့စရိတ်ငြိမ်း တက်ရောက်စေခြင်းနဲ့ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုများအတွက် ပြန်လည်ထူထောင်ရေး ထောက်ပံ့ကြေးများ ထိရောက်စွာ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝန်ထမ်းများပျော်ရွှင်စေဖို့ နှစ်သစ်ကူးပွဲနဲ့ အခါကြီး ရက်ကြီးတွေမှာ ပျော်ပွဲရွှင်ပွဲတွေလုပ်ပေးပြီး ဂုဏ်ပြုချီးမြှင့်ပွဲများကိုလည်း ထိုက်ထိုက်တန်တန် လုပ်ပေးပါတယ်" ဟု ဝန်ထမ်းများအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးထားမှုအခြေအနေနှင့် စပ်လျဉ်းပြီး ရှင်းပြသည်။

မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၊ SME အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် နေပြည်တော် MSME အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းသို့လည်းကောင်း ဝင်ရောက်ခဲ့ပြီး လုပ်ငန်းစတင်ချိန်ကပင် စည်ပင်လိုင်စင်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ နှစ်စဉ်ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်များ ပေးဆောင်လျက်ရှိကြောင်း သိရသည်။

မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်း၏ ၂၀၁၅ ခုနှစ်မှ စတင်လျှောက်လှမ်းလာသည့် ရှစ်နှစ်တာ အချိန်တိုကာလအတွင်း အောင်မြင်မှုများရရှိနေခြင်းနှင့်စပ်လျဉ်း၍ "ဒီဇိုင်းထူးခြားဆန်းသစ်အောင် အမြဲကြိုးစားပြီး အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်များကို ဝယ်သူစိတ်ကျေနပ်မှု ရာနှုန်းပြည့်ရရှိတဲ့ ဝန်ဆောင်မှုဖြင့် ရောင်းချနိုင်ဖို့နဲ့ ပြည်တွင်းသာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်မယ့် မြန်မာပြည်တွင်းထုတ် High Quality Product ဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု လုပ်ငန်းရှင်က သူ၏လုပ်ငန်းအပေါ်ထားရှိသည့် သဘောထားများကို ပြောကြားသည်။

ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် "ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်ရရှိစေရန်" အချက်(၃)ချက်ကို ရည်ရွယ်၍ MSME လုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ပြီး ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်ကိုပါ လက်လှမ်းမီ၍ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး ဦးတည်ဆောင်ရွက်နိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။

**မေစု(ပြန်/ဆက်)**

**ဓာတ်ပုံ– မျိုးသီဟ**

# ပစ်ခတ်ရပ်စဲမှုပြီးနောက် အစ္စရေးတပ်ဖွဲ့များက ဟားမားစ်တို့ကို စစ်ဆင်ရေးပြန်လည်ပြုလုပ်

ဂါဇာ ဒီဇင်ဘာ ၁

ဂါဇာကမ်းမြောင်ဒေသ၌ ခုနစ်ရက်တာ အပစ်ရပ်စဲမှုပြီးနောက် အစ္စရေးတပ်ဖွဲ့များသည် အစ္စလာမ့်စ်အုပ်စု ဟားမားစ်တို့ကို စစ်ဆင်ရေး ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အပစ်ရပ်စဲမှု သတ်မှတ်ရက်ကုန်ဆုံးပြီးနောက် ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီကျော်တွင် အစ္စရေးတပ်ဖွဲ့များက လူမှုမီဒီယာပေါ်တွင် ဟားမားစ်တို့က စစ်ဆင်ရေးရပ်ဆိုင်းထားမှုကို ချိုးဖောက်လိုက်ကြောင်း၊ ထို့အပြင် အစ္စရေးပိုင်နက်ထဲသို့ လက်နက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့ကြောင့် အစ္စရေးတို့က တိုက်ခိုက်မှုကို ပြန်လည်စတင်လိုက်ကြောင်း ကြေညာခဲ့သည်။

ဂါဇာအနီး လူနေဒေသများ၌ အချက်ပေးဥဩသံလိုလိုကြားပြီးနောက် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဂါဇာဘက်မှ ပစ်ခတ်တိုက်ခိုက်လာမှုများကို အောင်မြင်စွာ ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က အပစ်ရပ်စဲမှု မပျက်ပြယ်မီ တစ်နာရီခန့်တွင် လူမှုမီဒီယာပေါ်တင်ခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်စတင်လိုက်ပြီဟု ကြေညာပြီး နာရီဝက်ခန့်အကြာတွင် အစ္စရေးလေတပ်တိုက်ခိုက်ရေး ဂျက်လေယာဉ်များသည် ဟားမားစ်တို့၏ အဓိကနေရာများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။

အပစ်ရပ်စဲမှုသတ်မှတ်ရက် ကုန်ဆုံးပြီး မကြာမီအချိန်အတွင်း အစ္စရေးတို့သည် ဂါဇာမြို့ မြောက်ပိုင်းနှင့် ခန်ယွန်းနစ်တောင်ပိုင်း အပါအဝင် နေရာအတော်များများကို လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဂါဇာရှိ ပြည်ထဲရေးအရာရှိများက ပြောကြားခဲ့သည်။

အပစ်ရပ်စဲမှု သဘောတူညီမှုကာလအတွင်း ဟားမားစ်တို့က အစ္စရေးနှင့် နိုင်ငံခြားသား တရားခံ ၁၀၅ ဦးကို လွှတ်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် အစ္စရေးတို့က ပါလက်စတိုင်း ၂၄၀ ကို လွှတ်ပေးခဲ့သည်။

ကာတာ၊ အီဂျစ်နှင့် အမေရိကန်တို့သည် အပစ်ရပ်စဲရေးကို သက်တမ်းတိုးရန် နောက်ဆုံးအချိန်အထိ ကြိုးစားခဲ့သော်လည်း အောင်မြင်မှုအရိပ်အယောင်မတွေ့ခဲ့ပေ။



တိုက်ခိုက်မှုများ ပြန်လည်စတင်ခြင်းသည် ယခင်ကတည်းက လူသားချင်းစာနာထောက်ထားမှု အကူအညီများလိုအပ်လျက်ရှိသော ဂါဇာကမ်းမြောင်ဒေသကို ပိုမိုဆိုးရွားလာစေမည်ဖြစ်သည်။

အပစ်ရပ်စဲမှုကာလပြီးဆုံးပြီး ပထမဆုံးနှစ်နာရီအတွင်း အစ္စရေးစစ်ဘက်က ၁၄ ဦးကို ရှင်းလင်းခဲ့ပြီး ဒါဇင်ကျော်ဒဏ်ရာရရှိစေခဲ့သည်။ အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ပျက်ကျခဲ့သည့် အမေရိကန်စစ်ဘက်ဆိုင်ရာ အော့စ်ပရေးလေယာဉ်ကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း ပျောက်ဆုံးအမှုထမ်းများကို ရှာဖွေရန် သဲလွန်စ မတွေ့

တိုကျို ဒီဇင်ဘာ ၁

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဂါဂိုရှီမာခရိုင်တွင် ပျက်ကျခဲ့သော အမေရိကန်စစ်ဘက်ဆိုင်ရာ အော့စ်ပရေး လေယာဉ်ပျက် ရှာဖွေမှုများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အမှုထမ်းခုနစ်ဦး ပျောက်ဆုံးမှုကိုရှာဖွေရန် သဲလွန်စ တစ်စုံတစ်ရာ မတွေ့ရှိခဲ့ပေ။

လူရှစ်ဦးကို တင်ဆောင်လာသော အော့စ်ပရေးလေယာဉ်သည် နိုဝင်ဘာ ၂၉ ရက်က ယာကူရှီမာကျွန်းကမ်းလွန်တွင် ပျက်ကျခဲ့သည်။ အမှုထမ်းတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ဒီဇင်ဘာ ၁ ရက်တွင် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် ယာကူရှီမာလေဆိပ်မှ ၁ ဒသမ ၂ ကီလိုမီတာအကွာအထိ အသေးစိတ် ရှာဖွေမှုများ ပြုလုပ်ခဲ့ချိန် ရေအောက်အသံလှိုင်း ရှာဖွေကိရိယာတစ်ခုက လေယာဉ်၏ အပျက်အစီးများ ဖြစ်မည်ဟု ယူဆရသော အရာဝတ္ထုများကို ခြေရာခံနိုင်ခဲ့သည်။




ရေငုပ်သမားများ၊ ကင်းလှည့်သင်္ဘောများ၊ ရဟတ်ယာဉ်များ အပါအဝင် ၂၄ နာရီရှာဖွေမှုတွင် နောက်ထပ် မည်သည့်သဲလွန်စမှ မရရှိသေးကြောင်း သိရသည်။

အမေရိကန် စစ်ဘက်ကလည်း ပျောက်ဆုံးအမှုထမ်းများနှင့် လေယာဉ်ကို ဆက်လက်ရှာဖွေလျက်ရှိသည်။ အဆိုပါလေယာဉ်သည် တိုကျိုရှိယိုကိုတာ လေတပ်အခြေစိုက် စခန်းပိုင်လေယာဉ်ဖြစ်သည်။ အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံတွင် ကိုဗစ် - ၁၉ လူနာဦးရေ များပြားလာ

တိုကျို ဒီဇင်ဘာ ၁

ဂျပန်နိုင်ငံတွင် တစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စစ်တမ်းကောက်ယူရာတွင် တစ်လကြာ ကူးစက်မှုကျဆင်းပြီးနောက် ယခုအခါ ကိုဗစ် -၁၉ ကူးစက်ခံရသည့်လူနာဦးရေမှာ ပြန်လည်များပြားလာသည်ဟု သိရသည်။

နိုင်ငံတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ အစည်းပေါင်း ၅၀၀၀ တွင် တစ်ပတ်အတွင်း ကိုဗစ်-၁၉ လူနာ ၁၁၄၉၉ ဦး တွေ့ရှိရကြောင်း၊ အဆိုပါဦးရေမှာ ယခင်သီတင်းပတ်နှင့်နှိုင်းယှဉ်လျှင် ၁၈၁၅ ဦး များပြားလာခြင်းဖြစ်ကြောင်း သိရသည်။ တစ်ပတ်နှင့်တစ်ပတ် ကူးစက်ခံရသူဦးရေမှာ ၁၉ ရာခိုင်နှုန်း များပြားလာပြီး သုံးလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကူးစက်မှု ပြန်လည်များပြားလာခြင်းဖြစ်သည်။ ယခုသီတင်းပတ်အတွင်း ဆေးရုံတက်ရသူဦးရေမှာ ၉၃၈ ဦးရှိပြီး အဆိုပါအရေအတွက်မှာ ယခင်သီတင်းပတ်ကထက် ၁၅၄ ဦး ပိုများပြားသည်။

လူနာဦးရေများပြားလာသည့်အတွက် အနီးကပ်စောင့်ကြည့်ရန် လိုအပ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက ပြောသည်။

ဆောင်းတွင်းကာလတွင် ရောဂါကူးစက်မှု များပြားလာနိုင်ခြေရှိသည့်အတွက် ကူးစက်မှုတိုက်ဖျက်ရေးလုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်ကြရန်လည်း ပြည်သူများကို တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# အီသီယိုးပီးယားနိုင်ငံ၌ လူပေါင်း ၁ ဒသမ ၅ သန်း ရေကြီးမှုဒဏ်ခံစားခဲ့ရ

အဒစ်အဘာဘာ ဒီဇင်ဘာ ၁

ပြီးခဲ့သည့်လအတွင်း အီသီယိုးပီးယားနိုင်ငံတွင် ရေကြီးမှုကြောင့်လူပေါင်း ၁ ဒသမ ၅သန်း ထိခိုက်ခံစားခဲ့ရပြီး လူပေါင်း ၆၀၀၀၀၀ မှာ ၎င်းတို့၏နေအိမ်မှစွန့်ခွာခဲ့ရသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက နိုဝင်ဘာ ၃၀ ရက်တွင် ပြောသည်။

ရေကြီးမှုကြောင့် သီးနှံများကို ဆိုးရွားစွာပျက်စီးစေခဲ့ပြီး မွေးမြူရေးနှင့် အဓိကအရေးကြီးသည့် အခြေခံ အဆောက်အအုံများ ပျက်စီးစေခဲ့သည်ဟု ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ ကာလဝမ်းရောဂါ၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတို့ များပြားလာသည့်အတွက် ကျန်းမာရေးတွင်လည်းစိုးရိမ်လာရသည်။ အာဖရိက ဦးချိုဒေသတွင်မူ ပြင်းထန်သည့်မိုးခေါင်မှုဒဏ်ကို ငါးရာသီဆက်တိုက် ခံစားနေရဆဲဖြစ်သည်ဟု လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများက ပြောသည်။



အစားအသောက်၊ သောက်သုံးရေ ရွှံ့ကာဖြင့်တဲနှင့် မီလ္လာစနစ်တို့အတွက် ကုလသမဂ္ဂနှင့် မိတ်ဖက် အဖွဲ့အစည်းများက အီသီယိုးပီးယားအစိုးရထံ ထောက်ပံ့ပေးလျက် ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက ပြောသည်။ ယခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ တုံ့ပြန်ရေးအတွက် ရန်ပုံငွေ လေးဘီလီယံနီးပါး လိုအပ်သည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက တောင်းဆိုထားပြီး ရန်ပုံငွေအဖြစ် သုံးပုံတစ်ပုံသာ ရရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

# သုံးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှု၌ လူပေါင်း ၃ ဒသမ ၃ သန်းနီးပါး ပါဝင်

ဖနောင်ပင် ဒီဇင်ဘာ ၁

ကမ္ဘောဒီးယားနိုင်ငံ၏ ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုတွင် သုံးလတာအတွင်း လူပေါင်း ၃ ဒသမ ၃သန်းနီးပါး ပါဝင်ခဲ့ကြသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိလှုပ်ရှားမှုတွင် "ယနေ့ပလတ်စတစ်မသုံးပါ"ဟူသောဆောင်ပုဒ်ဖြင့် ကျောင်းပေါင်း ၇၁၂၉ ကျောင်း၊ စက်ရုံပေါင်း ၁၇၃ ရုံ၊ အဖွဲ့အစည်းပေါင်း ၆၉ ခုနှင့် ဘုရားပုထိုးပေါင်း ၂၈ ဆူတို့တွင် လူပေါင်း ၃၂၈၄၄၅၉ ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

ယခုအထိလည်း အဆိုပါလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် တစ်ရက်လျှင် ပလတ်စတစ်တန်ချိန်ပေါင်း ၅၆ သန်း ထုတ်လုပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ သိရသည်။

ဆင်ဟွာ

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး **(ယာပုံ)** စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေး နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 44th PLA Navy Escort Task Group (ETG) မှစစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo နှင့် ဖရီးဂိတ်စစ်ရေယာဉ် Jing Zhou နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Qian Dao Hu တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း၊ တရုတ်-မြန်မာ ဗုဒ္ဓဘာသာအသင်းတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**





အဆိုပါ စစ်ရေယာဉ်များတွင် လိုက်ပါလာခဲ့ကြသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ကို လာရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ **(ဝဲပုံ)**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များတွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ သန်လျင် တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ဆိပ်ကြီး)၌ စာရေးကိရိယာ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တပ်မတော်(ရေ) မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် လန်ချန်း-မဲခေါင်နိုင်ငံများ ယဉ်ကျေးမှုနှင့်အနုပညာပွဲတော် ဖွင့်လှစ်ကျင်းပခဲ့

**ရန်ကုန် ဒီဇင်ဘာ ၁**

(၁၁) ကြိမ်မြောက် လန်ချန်း-မဲခေါင် နိုင်ငံများ ယဉ်ကျေးမှုနှင့်အနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ယဉ်ကျေးမှုအနုပညာဖျော်ဖြေပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ယူနန်ပြည်နယ် စစ်ဆောင်ပနားတိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသခွဲ ကျင်ဟုံမြို့၌ ကျင်းပခဲ့ရာ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် စသည့်နိုင်ငံပေါင်း ၆ နိုင်ငံမှ အနုပညာရှင်များက ရိုးရာဓလေ့အငွေ့အသက်များနှင့် ယဉ်ကျေးမှုအနုပညာ အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**စိတ်ဝင်စားဖွယ်အစီအစဉ်များတင်ဆက်**

ယင်းဖျော်ဖြေပွဲကို "၂၀၂၃ ခုနှစ်တွင် ဆုံစည်းခြင်း" ဟု အမည်ပေးထားပြီး လန်ချန်း-မဲခေါင် ခြောက်နိုင်ငံ၏ ယဉ်ကျေးမှုလက္ခဏာများကို ပေါ်လွင်စေသော စိတ်ဝင်စားဖွယ်အစီအစဉ်များဖြင့် တင်ဆက်ကျင်းပပြီး ဒေသတွင်းယဉ်ကျေးမှု၊ အမျိုးသားယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဖက်ရှင်ယဉ်ကျေးမှုတို့ကို ပြီးပြည့်စုံစွာ ပေါင်းစပ်ကာ "Belt and Road" တည်ဆောက်မှုရလဒ်များကို ဖော်ထုတ်ပြသသည်။

ဖျော်ဖြေပွဲတွင် "အတူတကွ ပိုင်ဆိုင်ကြတဲ့ မဲခေါင်မြစ်" ခေါင်းစဉ် အဆိုအကဖျော်ဖြေမှုဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံအသီးသီး၏ ရိုးရာဓလေ့ယဉ်ကျေးမှုအနုပညာအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့သည်။

**အနုပညာပွဲတော်တွင်ဖျော်ဖြေတင်ဆက်ရန်**

အဆိုပါ လန်ချန်း-မဲခေါင်နိုင်ငံများ ယဉ်ကျေးမှုနှင့် အနုပညာပွဲတော်တွင် ဖျော်ဖြေတင်ဆက်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာနခွဲမှ ဒေါ်ခိုင်အိန္ဒြာ၊ ဒေါ်ယဉ်ယဉ်ဝေ၊ ဒေါ်ဇင်မာခိုင်၊ ရုပ်မြင်ဌာနခွဲမှ ဒေါ်မြတ်ဆုချယ်၊ ဂီတဌာနခွဲမှ ဒေါ်မြနန္ဒာကျော်နှင့် ဒေါ်ဖူးကေရီဆောင်းတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



(၁၁) ကြိမ်မြောက် လန်ချန်း-မဲခေါင် နိုင်ငံများ ယဉ်ကျေးမှုနှင့်အနုပညာပွဲတော်သို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ မြန်မာနိုင်ငံ တပ်မတော်(ရေ) စစ်ရေယာဉ်များ ပူးပေါင်း ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများဆောင်ရွက်မှုအခြေအနေ

## မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေ

## ၁-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊

## ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်များကို အားပေး လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်တော်(ရေ)က စစ်ရေယာဉ်များဟာ ဒီနေ့ညနေပိုင်းမှာတော့ မြန်မာနိုင်ငံက စစ်ရေယာဉ်များနဲ့အတူ ပင်လယ်ပြင်မှာ လေ့ကျင့်ရေးဆောင်ရွက်မယ့် ဧရိယာကိုထွက်ခွာပြီး ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ရေးလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိပါတယ်။ မနက်ဖြန်အထိ လေ့ကျင့်မှာဖြစ်ပါတယ်။ အဲဒီမှာတော့ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေးလေ့ကျင့်ခန်းများ အတူပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိတဲ့အချိန်မှာလည်း ရန်ကုန်မြို့က အထင်ကရနေရာတွေကို လှည့်လည်လေ့လာတာတွေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွေပြုလုပ်တာတွေ၊ နှစ်နိုင်ငံသင်္ဘောများ အပြန်အလှန်လည်ပတ်တာတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ အစိုးရချင်း၊ တပ်မတော်ချင်း ဆက်သွယ်ဆက်ဆံရေး ခိုင်မြဲအောင်မြင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ နယ်စပ်ဒေသတွေမှာတော့ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၃၅ ဦးကို တရုတ်နိုင်ငံက တာဝန်ရှိသူများထံ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အားလုံး ၁၀၅၁၇ ဦးရှိပြီး ဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို နှစ်နိုင်ငံတာဝန်ရှိသူများအနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်များအနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာ လောက်ကိုင်မြို့ကို MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ ရှော့တိုက်ဒုံးများနဲ့ ပစ်ခတ်မှုဆောင်ရွက်ခဲ့ပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးကို လာရောက်ပစ်ခတ်ခဲ့တာ ရှိပါတယ်။ Drop Bomb နဲ့ လာရောက်ချခဲ့တာရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ဒီနေ့မှာ ကော့ကရိတ်မြို့ရဲ့နေရာ ရှစ်နေရာကို KNU၊ PDF အကြမ်းဖက်အဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်တာရှိပါ



တယ်။ ဒီနေရာမှာတော့ တိုက်ပွဲတစ်နေကုန်နီးပါး ဖြစ်ပွားခဲ့ပါတယ်။ KNU၊ PDF အဖွဲ့က ကျဆုံးထိခိုက်ဒဏ်ရာရရှိမှု များပြားတယ်ဆိုတာ သိရပါတယ်။ ကော့ကရိတ်မြို့ရဲ့ အခြေအနေကတော့ ခုချိန်မှာ ချောင်းမြောင်းပစ်ခတ်တာ၊ အဝေးမှ လက်နက်ကြီးနဲ့ပစ်ခတ်တာမျိုးပဲ ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ထရွှန်အိုင်စခန်းကို Drop Bomb များနဲ့ လာရောက်တိုက်ခိုက်တာရှိပါတယ်။

ဒီနေ့မှာတော့ အမျိုးသားဒီမိုကရေစီပါတီသစ်က ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေတဲ့ ဦးသန်းထွန်းကို ရန်ကုန်မြို့မှာ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ ဒီ အမျိုးသားဒီမိုကရေစီပါတီသစ်ဆိုတာသည် ယခင်ကတည်းက၊ တပ်မတော်အစိုးရလက်ထက်ကတည်းက တပ်မတော်နဲ့ အတိုက်အခံပြုလုပ်ပြီးတော့ ဒီမိုကရေစီအရေးကို ကြိုးပမ်းတဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ သို့သော် ဒီအချိန်မှာ အမြင်မတူတာနဲ့ ငါနဲ့မတူ ငါ့ရန်သူဆိုပြီး သတ်ဖြတ်တဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ဖော်ဆောင်တဲ့လမ်းကြောင်းတွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေ အမျိုးမျိုးရှိမှာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ငါယူဆတဲ့လမ်းကြောင်း၊ ငါလုပ်ကိုင်တဲ့ဟာပဲ မှန်တယ်၊ ငါနဲ့ မတူ ငါ့ရန်သူလို့ သဘောထားတာသည် မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို များစွာအနှောင့်အယှက်ဖြစ်စေပါတယ်။ ကျွန်တော်ပြောခဲ့ သလိုပါပဲ။ မဲမသမာမှုကြောင့် တပ်မတော်ကနေ တာဝန်ယူခဲ့ရတယ်။ မဲမသမာမှုကိုလည်း လုပ်ခဲ့တယ်။ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ပြောခဲ့တယ်။ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီ NUG၊ PDF အဖွဲ့တွေအနေနဲ့ နေရာမျိုးစုံ၊ မီဒီယာမျိုးစုံကနေပြီး သူတို့နဲ့ အတွေးအခေါ် မတူတဲ့သူမှန်သမျှကို ဆန့်ကျင်ဖို့၊ သတ်ဖြတ်ဖို့ အမြဲတမ်းလှုံ့ဆော်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြည်သူလူထုအနေနဲ့ စဉ်းစားကြည့်ပါ။ ဒီလိုမျိုး အတွေးအခေါ်မျိုးရှိတဲ့သူတွေဟာ ကျွန်တော်တို့ ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီစနစ်၊ ကျွန်တော်တို့ ပြည်သူလူထုလိုလားနေတဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဒီလက်နက်ကိုင်အကြမ်းဖက်သူတွေက တည်ထောင်ပေးမယ်လို့ ယုံကြည်ပါသလား၊ ယုံကြည်တယ်ဆိုရင် ဒီလောက်မိုက်မဲတဲ့ ယုံကြည်မှုမျိုးတော့ ရှိမှာမဟုတ်ဘူးလို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာသည် ပြည်သူလူထုရဲ့ဆန္ဒကို အကြမ်းဖက်တဲ့နည်း၊ ခြိမ်းခြောက်တဲ့နည်းမပါဘဲနဲ့ ဖော်ဆောင်ရတဲ့ စနစ်ဖြစ်ပါတယ်။ ပြည်သူလူထုကနေ ရွေးချယ်တဲ့ ကိုယ်စားလှယ်တွေက ဒီမိုကရေစီနည်းလမ်းတကျရှိနေတဲ့ တရားဥပဒေတွေရဲ့ နည်းလမ်းတကျနဲ့ ဖော်ဆောင်ရတာမျိုးဖြစ်ပါတယ်။ ဒါမှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို အားပေးနေတယ်ဆိုရင် မိမိရဲ့စိတ်ထဲမှာ တကယ်ရော ဒီမိုကရေစီလိုချင်တာလားဆိုတဲ့ ဆန်းစစ်မှုမျိုး ဆန်းစစ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ တပ်မတော်သည် ပြည်သူလူထုနဲ့တစ်သားတည်းရှိပါတယ်။ တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ဦးဆောင်ဖော်ဆောင်တဲ့သူ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ ခိုင်မာစေခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ ရည်မှန်းချက်တွေဖြစ်တဲ့အတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်နဲ့ပြည်ထောင်စုစနစ်ကို အခြေခံတဲ့ ဖက်ဒရယ်စနစ်ကို မလွဲမသွေလျှောက်လှမ်းတည်ထောင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

◆ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၇၆၀ ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၂၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်၊ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၈၀ ခန့်၊ နီလိုရီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၈၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၉ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၉၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂ ရက်တွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ဒီဇင်ဘာ ၄ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေတို့အနီးရောက်ရှိနိုင်ပြီးနောက် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့် အပြိုင် မြောက်ယွန်းယွန်းသို့ ရွေ့လျားကာ ဒီဇင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရှ်ပြည်နယ်ကို နီလိုရီမြို့နှင့် မာချီလီပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။


မိုး/ဇလ

